*Established since April 2000*

# COMMUNICATION BULLETIN

## MYANMAR CHRISTIAN COMMUNICATION SERVICES

**Vol(9). No.(100)** July - **2008**



*Jhk*

# အမှာစာ

MC ဇနီးမောင်နှံ အသက်အားဖြင့်၊ (၆၀)နားသို့ နီးကပ်လာကြပြီဖြစ်သည်။ ဤဇူလိုင်လတွင် အိမ် ထောင်သက်မှာလည်း အနှစ်(၂၀)သို့ပင်တိုင်လာပါပြီ။ ရေနှစ်ခြင်းမင်္ဂလာခံယူခဲ့ကြသည်မှာ နှစ်ပေါင်း(၄၀)ပင် ရှိခြားသော်လည်း၊ ကယ်တင်ခြင်းစိတ်ချမှုသည် အနှစ်(၃၀)မျှသာရှိကာ၊ ဤဇူလိုင်လတွင် ဧဝံဂေလိစာပေ အားဖြင့် အမှုတော်မြတ်၌ ပါဝင်ခဲ့ကြသည်မှာ (၈)နှစ်ကျော် (၉)နှစ်အတွင်း၌သာရှိပါသေးသည်။

ဘဝခရီးလမ်းတစ်လျှောက် နှစ်ပေါင်းများစွာထက်၊ (၈)နှစ်တာကာလ၊ ဝိညာဉ်တော်လမ်းပြမှုဘဝခရီးက ပို၍ခရီးတွင်ကြောင်း သက်သေခံလိုကြပါသည်။ ပြည်တွင်းပြည်ပ နိုင်ငံတကာ အတွေ့အကြုံများစွာရှိခဲ့ပြီး၊ အမှုထမ်းဘဝ၊ စီးပွားရေးသမားဘဝ၊ လုပ်ငန်းပေါင်းစုံ၊ ဘဝပေါင်းစုံတွင် ကျင်လည်ခဲ့ကြသော်လည်း နောက်ဆုံး ၌ ... ... ...။ လူဆိုသည်မှာ မွေးဖွားစဉ်က ဘာမျှမပါလာသလို ... ...၊ သေဆုံးချိန်၌လည်း၊ ဘာပစ္စည်းမျှ သယ် မသွားနိုင်ပါလား ... ဆိုသည့်အသိတရား၊ ဘဝသင်ခန်းစာများကို ရခဲ့ကြပါသည်။

ကျဆုံးချိန်၌ ဝမ်းနည်းကြေကွဲကြရသည်။ အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုသည့် သင်္ခါရတရားကို မည်သူ မျှ လွှန်ဆန်နိုင်မည်မဟုတ်ပါ။ ဘဝတွင် အောင်မြင်သည်ဖြစ်စေ၊ ကျဆုံးသည်ဖြစ်စေ၊ ဝမ်းသာသည်ဖြစ်စေ၊ ဝမ်းနည်းသည်ဖြစ်စေ၊ ကျန်းမာသည်ဖြစ်စေ၊ နာကျင်သည်ဖြစ်စေ ... မည်ကဲ့သို့သော ဘဝတွင်ရှိစေကာမူ၊ အရေးကြီးဆုံးသောအရာ သည် ထာဝရဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ သခင်ခရစ်တော်၏ ကယ်တင်ခြင်းတရား၊ သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ မိဿဟာယဖွဲ့၊ သွန်သင်လမ်းပြပို့ဆောင်မှုနှင့် အသက်ရှင်ခြင်းသည်သာလျှင်၊ အမွန်မြတ်ဆုံး ဖြစ်ကြောင်း၊ သက်သေခံလို ကြပါသည်။

ရှိသမျှပညာ၊ စွမ်းအား၊ ခနဉစ္စာအားလုံးကို အနှစ်ချုပ်လိုက်လျှင် အမှန်တကယ်ကျန်သည်က ကျွန်ုပ်တို့ အထဲတွင် ရှိနေသော အသက်ဝိညာဉ်ဖြစ်ပါသည်။ လူတွင် အမွန်မြတ်ဆုံးတန်ဖိုးအရှိဆုံးအရာသည် ကျွန်ုပ်တို့၏ ဝိညာဉ်ပင် ဖြစ်သည်။ ဤဝိညာဉ်အားဖြင့် ထာဝရဘုရားကိုချီးမွမ်းခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း ပြုတတ်ခြင်း အားဖြင့် ဤကမ္ဘာလောကတွင် တန်ဖိုးရှိစွာအသက်ရှင်ခြင်းဖြစ်လာပါမည်။ ရုပ်ခန္ဓာသေသွားသော်လည်း ကျွန်ုပ်တို့၏ဝိညာဉ်သည် ထာဝရအသက်ရှင်လျက် ကောင်းကင်နိုင်ငံတွင် ထာဝရဘုရားရှင်ကို ဆက်လက် ချီးမွမ်း ကိုးကွယ်နိုင်မည်ဖြစ်ပါသည်။

လောကီသားအားလုံးတို့သည် သခင်ခရစ်တော်၏ ကယ်တင်ခြင်းကို စိတ်ချစွာယုံကြည်လက်ခံထား ခြင်းအားဖြင့်၊ အလွန်တိုတောင်းလှသော ဘဒ္ဒကမ္ဘာမြေတွင် ကျန်ရှိနေသေးသည့်အသက်တာပိုင်း၌ အပြစ်ရှိသမျှ အားလုံးကို ဘုရားရှင်က ခွင့်လွှတ်ထားသော ဘုရားသားသမီးများအဖြစ် အသက်ရှင်ခွင့်ရကြမည်ဖြစ်ပါသည်။ ဤကဲ့သို့သော အသက်တာရရှိရန်မှာ မိမိကိုယ်တိုင်အပြစ်ကိုဝန်ချလျက်၊ သခင်ခရစ်တော်၏ကယ်တင်ခြင်းကို နှုတ်ဖြင့်ဝန်ခံရန်လိုအပ်ပါသည်။ "သင်သည် သခင်ယေရှုကို နှုတ်ဖြင့်ဝန်ခံ၍ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့်ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။" (ရောမ ၁၀း၉–၁၀)။ ကိုယ်တိုင်သက်သေခံခြင်း၊ ဧဝံဂေလိတရားကိုတနည်းနည်းဖြင့် ဝေငှပါဝင်နေခြင်း၊ ပေးလှူခြင်းဖြင့် နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရားကိုဦးစွာရှာရန်ဖြစ်သည်။

စာရေးသူတို့၏ အစွမ်းအစဖြင့် ဘာမျှမလုပ်ဆောင်တော့ဘဲ၊ ဝိညာဉ်တော်၏လမ်းပြမှုဖြင့် ဘုရားရှင်၏အခွင့်တော် အတွင်း၌ ဤ MC စာစောင်ထုတ်ဝေရန်ဖြစ်လာပါတော့သည်။ MC စာစောင်အတွက် လိုအပ်သမျှငွေကြေး၊ ပစ္စည်းများသည် စာရေးသူတို့၏ကိုယ်ပိုင်၊ ပိုင်ဆိုင်မှုတစ်ခုမျှမပါဘဲ၊ စာဖတ်သူစေတရာရှင်များ၏အဖက်ဖက်မှ ပံ့ပိုးကူညီခြင်းအားဖြင့်၊ ယခုလတွင် အကြိမ် (၁၀၀)မြောက်သည်အထိ ထုတ်ဝေနိုင်ရခြင်းဖြစ်ပါသည်။ အယောက်တိုင်းအပေါ်ဘုရားရှင်ဆက်လက်၍ကောင်းချီးပေး ပါစေ။ အမှုတော်မြတ်၌လည်းဆက်လက်၍ပါဝင်ကြပါစို့ဟူ၍ ဆန္ဒပြုရင်း၊ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အမှုတော်မြတ်၌


Thang Nang Lian Thang & Ma Yin Yin @ Julia Man Ngaih Hau
(Publishers and editors)
Myanmar Christian Communication Bulletin
Tokyo, Japan

# မာတိကာ


၁။ ဆုတောင်းခြင်း၌ဘုရားသခင်၏အလိုတော်၊ (Rev. Kenneth E. Hagin) စာမျက်နှာ ၄

၂။ ဘဝခရီးနှင့်စေသောရည်ရွယ်ချက်၊ (ဆရာအောင်သက်ညွန့်) ။ ၇

၃။ ကြွယ်ဝသောအသက်တာခံစားဖို့၊ (ညီအစ်ကို ဦးဒယ်နီရယ်လ်) ။ ၁၁

၄။ သတင်းတိုထွာ ။ ၁၅

၅။ ကြိုးစား၍ ဆုတောင်းပဋ္ဌနာပြုကြရန်၊ (ဆရာအောင်သက်ညွန့်) ။ ၁၇

၆။ ယုဒသန်နှင့်မြန်မာရွှေပြည်၊ (မောင်စင်ကြယ်) ။ ၂၁


Myanmar Christian Communication Services


**Editor**

**Myanmar Christian Communication Service**

**1-11-13 Shin Ohashi, Yonezawa Bldg. 4.F. Koto-ku 135-0007 Tokyo, Japan**

☏- & 🖷 - **03-5625-9056**

e✉ - **haukhek@yahoo.com**, e✉ - **lianthang@hotmail.com**


ဤစာစောင်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ပါဝင်အားပေးကြသော၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများနှင့်တကွ အလှူငွေအားဖြင့်ပါဝင်ကြသော ဓမ္မမိတ်ဆွေများ၊ ဆုတောင်းခြင်း အားဖြင့်သော်၄င်း၊ စာမူများပေးပို့ခြင်းအားဖြင့်သော်၄င်း၊ ပါဝင်ကြသော ယုံကြည်သူ အယောက်စီတိုင်းအပေါ် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများ သာ၍ကြွယ်ဝစွာ သက်ရောက်ပါစေကြောင်း၊ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

# ဆုတောင်းခြင်း၌ ဘုရားသခင်၏အလိုတော်

**ဆရာကြီးကဲနက်(သ်) ၊ အီး ၊ ဟေဂင်**

## ဆုတောင်းခြင်းနှင့်ပတ်သက်၍ အခြားသူများ၏ပြောဆိုချက် (အပိုင်း-၁)

## သင်ခန်းစာ (၉)

ကျမ်းညွှန်း – ယာကုပ် ၅း၁၃-၁၈၊ ယုဒ ၁း၂၀-၂၁။

အခြေခံသမ္မာတရား – ကျွန်ုပ်လုပ်ဆောင်ခဲ့သော ကောင်းမှုကုသိုလ်အားဖြင့် ဆုတောင်းခြင်း၏ အခြေကို မရရှိပါ။ ခရစ်တော်၌ရပ်တည်ခြင်း၊ မှန်ကန်မှုအပေါ်၌ အခြေခံ၍အခြေ ရရှိသည်။

ဆုတောင်းခြင်းနှင့်ပတ်သက်၍ အခြားသူများ မည်ကဲ့သို့ပြောဆိုသည်ကို လေ့လာကြပါစို့။

**ဆုတောင်းခြင်းနှင့်ပတ်သက်၍ရှင်ယာကုပ်၏ပြောဆိုချက်(ယာကုပ် ၅း၁၃-၁၆)**

သင်တို့တွင် ဆင်းရဲခံရသောသူရှိလျှင် ဆုတောင်းစေ၊ ရွှင်လန်းသောသူရှိလျှင် ဆာလံသီချင်းကိုဆိုစေ။ နာသောသူရှိလျှင် သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏နာမတော်ကိုအမှီပြုလျက် လူနာကိုဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ။ ထိုသို့ပြုလျှင် ယုံကြည်ခြင်း၏ပဌနာသည် လူနာကိုကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကိုထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကိုလွှတ်တော်မူမည်။ အချင်းချင်း တစ်ယောက်နှင့်တစ်ယောက် ကိုယ်အပြစ်ကိုဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။ သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။

ရှင်ယာကုပ်သည် မေးခွန်း(၃)ခု မေးမြန်းခဲ့သည်။ သင်တို့တွင် ဆင်းရဲခံသောသူရှိပါသလား။ ရွှင်လန်းသောသူရှိပါသလား။ ဖျားနာနေသောသူရှိပါသလား။ မတူညီသည့်အရာ (၃)ခုအကြောင်းကို ပြောကြားနေခြင်းဖြစ်သည်။ တစ်ခုစီအတွက်လည်း သီးခြားညွှန်ကြားချက်များကို ထုတ်ပြန်ပေးသည်။ ဂရိဘာသာစကားတွင် ဆင်းရဲခံရခြင်းဆိုသည်မှာ စုံစမ်းခြင်း၊ စစ်ကြောခြင်းကို ခံရခြင်းဖြစ်သည်။ ယာကုပ်ဆိုလိုသည်မှာ စုံစမ်းခြင်း၊ စစ်ကြောခြင်းခံရသည့်အခါ ဆုတောင်းရန်ဖြစ်သည်။ လူအများသည် ထိုကဲ့သို့ မလုပ်ဆောင်ကြပေ။ အပြေးအလွှားနှင့် မိမိတို့အတွက် ဆုတောင်းပေးမည်သူကို လိုက်လံရှာဖွေကြသည်။ ယာကုပ်က ထိုကဲ့သို့ လုပ်ဆောင်ရန် ပြောနေခြင်းမဟုတ်ပါ။ မိမိဖာသာမိမိ ဆုတောင်းရန်ဖြစ်သည်။

ဤကဲ့သို့ ပြောဆိုသောအခါ တစ်ဦးနှင့်တစ်ဦးအတွက် ဆုတောင်းပေးရန် မလိုအပ်ဟု ဆိုလိုခြင်း မဟုတ်ပေ။ ဘုရားသခင်သည် မိမိကိစ္စအတွက် မိမိဖာသာမိမိ ဆုတောင်းခြင်းကို အလိုရှိသည်။ ဤနည်းအားဖြင့် ကြီးမားသောအောင်မြင်မှုများရရှိနိုင်သည်။ အသက်တာ၏ စုံစမ်းခြင်း၊ စစ်ကြောခြင်းများ၌ ဆုတောင်းရန် သူတပါးကိုသာ အားကိုးနေလျှင် နောက်တစ်ကြိမ် ထိုကဲ့သို့ ကြုံတွေ့လာသည့်အခါ လွတ်မြောက်ရန်လမ်းကို သိရှိနိုင်မည်မဟုတ်ပေ။ သင့်အတွက် ဆုတောင်းပေးမည့်သူကို လိုက်လံရှာဖွေရမည်ဖြစ်ပြီး မတွေ့ရှိပါက သင့်၌ ကျရှုံးခြင်းဖြစ်နိုင်သည်။ "ရွှင်လန်းသောသူရှိလျှင် ဆာလံသီချင်းကိုဆိုစေ"ဤကျမ်းချက်ကို အထွေအထူး ချဲ့ထွင်ရှင်းပြန်ရန် မလိုပေ။ ရွှင်လန်းနေလျှင် သီချင်းဆိုနိုင်သည်မှာ ဓမ္မတာပင်ဖြစ်သည်။ ယာကုပ်က ဆက်လက်၍ "နာသောသူရှိလျှင် သင်းအုပ်တို့ကိုခေါ်၍ သူတို့သည် သခင်ဘုရား၏ နာမကို အမှီပြုလျက် လူနာကို ဆီနှင့်လူး၍ သူ့အပေါ်မှာ ဆုတောင်းကြစေ။" ဂရိဘာသာစကားကို လေ့လာသူ တစ်ဦးက ဂရိဘာသာတွင် 'နာသည်' ဆိုသည့် အဓိပ္ပါယ်မှာ လူတစ်ယောက်သည် အလွန်ဖျားနာနေသဖြင့်၊ မိမိအတွက် ဘာမျှမလုပ်ဆောင်နိုင်ခြင်းကို ဆိုလိုသည်။ လူတစ်ဦးသည် အနည်းအကျဉ်းဖျားနာမှုရှိပါက အသင်းတော်သို့ သွားရောက်ပြီး၊ သင်းအုပ်အား ဆုတောင်းပေးစေရန်ဖြစ်သည်။ သို့ရာတွင် အလွန်ဖျားနာပြီး အိပ်ယာပေါ်မှ မထနိုင်သည့်အခါ သင်းအုပ်တို့ကို

ခေါ်၍ မိမိအတွက် ဆုတောင်းစေရန် ဖြစ်သည်။

ယာကုပ် ဤဩဝါဒစာကိုရေးသည့်အချိန်က အသင်းတော်သည် သူငယ်ဘဝ၌သာ ရှိနေသေးသည်။ တပည့်တော်များသည်အသင်းတော်မရှိသည့်နေရာသို့ သွားရောက်ကာဟောကြားပြီး၊ လူများကို ဘုရားသခင်ထံသို့ ခေါ်ဆောင်လာခြင်းအားဖြင့် ယုံကြည်သူအစုများ ဖွဲ့စည်းထားခြင်းဖြစ်သည်။ ဤအသင်းတော်သစ်များ၌ အမှုတော်ဆောင်ခြင်းဆုကျေးဇူးများမရှိခဲ့ပေ။ သင်းအုပ်ဆရာလည်းမရှိသဖြင့် အသက်အကြီးဆုံးသောသူဖြစ်စေ၊ ဝိညာဉ်ရေးအရ ပိုမိုရင့်ကျက်သူများဖြစ်စေ၊ ယုံကြည်သူစုကို တာဝန်ယူဦးဆောင်ရန် ခန့်ထားခဲ့သည်။ အသင်းတော်များသည် ဖွံ့ဖြိုးကြီးထွားလာသည်နှင့်အမျှ ဘုရားသခင်က "လူအချို့တို့ကို တမန်တော်အရာ၌လည်းကောင်း၊ အချို့တို့ကို ပရောဖက်အရာ၌လည်းကောင်း၊ အချို့တို့ကို သာသနာပြုအရာ၌လည်းကောင်း၊ အချို့တို့ကို သင်းအုပ်ဆရာ၊ ဆရာမအရာ၌လည်းကောင်း၊ ခန့်ထားတော်မူ၏။"(ဖေက်၊ ၄း၁၁) အချိန်ကာလရွေ့လျားသည်နှင့်အမျှ အမှုတော်ဆောင်လုပ်ငန်းသည် သီးသန့်ဖြစ်လာသည်။

**အသက်တာ၌ အပြစ်ရှိသူတစ်ဦးသည် အနာရောဂါငြိမ်းခြင်းကို ရရှိနိုင်ပါမည်လား။**

ဖျားနာသူများအား သင်းအုပ်များကိုခေါ်၍ ဆီနှင့်လူးကာ ဆုတောင်းပေးကြရန် ယာကုပ်ကသွန်သင်ခဲ့သည်။ "သို့ပြုလျှင် ယုံကြည်ခြင်း၏ပဌနာသည် လူနားကိုကယ်ဆယ်၍ သခင်ဘုရားသည် သူ့ကို ထမြောက်စေတော်မူမည်။ သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကိုလွှတ်တော်မူမည်။"(ယာ၊ ၅း၁၅)။ လူတိုင်းသည်အပြစ်ကျူးလွန်သည့်အတွက် ဖျားနာကြသည်ဟု ယာကုပ်ဆိုလိုသည်မဟုတ်ပါ။ တချို့သူများသာ အပြစ်ကျူးလွန်သည့်အတွက် ဖျားနာကြသည်။ "သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကိုလွှတ်တော်မူမည်။" ကျွန်ုပ်တို့အတွက် ခွင့်လွှတ်ခြင်းသာမက အနာရောဂါငြိမ်းခြင်းပါ ရရှိနိုင်သည်။

တချို့သူများက ဘုရားသခင်၏အလိုတော်ကို မနာခံသဖြင့် မိမိဖျားနာနေကြောင်း၊ မိမိတို့အပြစ်များအတွက် အဘိုးအခပေးနေရကြောင်း၊ ထင်မြင်ယူဆကြသည်။ သူသည် အပြစ်ပြုမိသော်လည်း ဆက်လက်ဖျားနာနေခြင်းအားဖြင့် အဘိုးအခပေးရသည်ဟု သမ္မာကျမ်းစာထဲ၌ မဖော်ပြခဲ့ပေ။ "သူသည် အပြစ်ပြုမိသော်လည်း ထိုအပြစ်ကိုလွှတ်တော်မူမည်။"

"အချင်းချင်းတစ်ယောက်နှင့်တစ်ယောက် ကိုယ်အပြစ်ကို ဖော်ပြတောင်းပန်ကြလော့။ ချမ်းသာရမည်အကြောင်း အချင်းချင်းတို့အဘို့ ဆုတောင်းကြလော့။"(ယာ၊ ၅း၁၆)ဟု ယာကုပ်က ဆက်လက်ဖော်ပြထားသည်။ ဤကျမ်းပိုဒ်များသည် အားလုံးဆက်နွယ်နေကြသည်။ တစ်ခုတည်းကိုသာ ရွေးထုတ်ကျင့်သုံးလျှင် မှန်ကန်မည်မဟုတ်ပေ။ ယာကုပ်က ကျွန်ုပ်တို့အား အပြစ်ဝန်ခံခြင်းအတွက် အသင်းတော်သို့ လာရောက်စေခိုင်းနေသည်မဟုတ် လူနာအတွက် အကြီးအကဲများက လာရောက်ဆုတောင်းပေးသည့်အခါ ထိုသူက အပြစ်လုပ်ထားပါက အပြစ်ဝန်ခံရမည်ဖြစ်သည်။ အသက်တာ၌ ဝန်မခံသောအပြစ်အားဖြင့် အနာရောဂါငြိမ်းခြင်းဆုကျေးဇူးကိုရရှိမည်မဟုတ်။

**ဖြောင့်မတ်သောသူဆိုသည်မှာ အဘယ်နည်း။**

ဆက်လက်ဖတ်ရှုမည်ဆိုလျှင် ယာကုပ်သတိပေးထားသည့်အချက်တစ်ချက်ကို တွေ့ရှိရသည်။ "သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။"အောက်ပါ ကျမ်းပိုဒ်များ၌ ဖြောင့်မတ်သောသူတစ်ဦး၏ ဥပမာကို ပေးထားသည်။ (ယာကုပ်၊ ၅း၁၇-၁၈) ဧလိယသည် ငါတို့ကဲ့သို့ လောကဓံတရား၌ ကျင်လည်သောသူ ဖြစ်သော်လည်း မိုးမရွာမည်အကြောင်း၊ အထူးသဖြင့် ဆုတောင်းသောအခါသုံးနှစ်နှင့်ခြောက်လပတ်လုံး မြေပေါ်သို့ မိုးမရွာဘဲ နေ၏။ တဖန် ဆုတောင်းသောအခါ မိုးကောင်းကင်သည်မိုးရွာစေ၏။ မြေကြီးသည်လည်း မိမိအသီးကိုသီးလေ၏။

ကျွန်ုပ်ထင်မြင်ယူဆချက်က "ဧလိယသည် ပရောဖက်ဖြစ်သည်။ ဘုရားသခင်၌အားကြီးသောသူဖြစ်သည်။ ဧလိယလုပ်ဆောင်သကဲ့သို့ ကျွန်ုပ်လုပ်ဆောင်နိုင်မည်မဟုတ်" "ဧလိယသည် ငါတို့ကဲ့သို့ လောကဓံ

တရား၌ ကျင်လည်သောသူဖြစ်သော်လည်း ဆုတောင်းသောအခါ ...”ဟု ပြောဆိုခဲ့သည်။ လေဝိယသည် ကျွန်ုပ်တို့ကဲ့သို့ပင် ပြစ်ချက်များ၊ အားနည်းချက်များရှိပြီး၊ အမှားများလုပ်ဆောင်ခဲ့သူဖြစ်သည်။ သို့ရာတွင် ၎င်း၏ဆုတောင်းခြင်းသည် အောင်မြင်ခဲ့သည်။ ဘုရားသခင်သည် ပရောဖက်နှင့် သာမန်ယုံကြည်သူကို ခွဲခြားခြင်းမရှိပါ။ “ပရောဖက်ဆုတောင်း၍ အရှိန်ကြီးသောပဋ္ဌနာသည် အလွန်တန်ခိုးပါ၏။”ဟု မဖော်ပြခဲ့ပါ။ “သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသော ပဋ္ဌနာသည် အလွန်တန်ခိုးပါ၏။”ဟူ၍သာ ဖော်ပြခဲ့သည်။

ကျွန်ုပ်သည် ဖြောင့်မတ်ပါက လုပ်ဆောင်နိုင်လိမ့်မည်ဟု သင်ဆိုပေလိမ့်မည်။ သို့ရာတွင် ကယ်တင်ခြင်းရရှိပြီး သည်အခါ သင်သည် ဖြောင့်မတ်သောသူဖြစ်လာသည်။ အဘယ်ကြောင့်ဆိုသော် “ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည် အကြောင်းတည်း၊”(၂ကော၊ ၅း၂၁) ကျွန်ုပ်တို့သည် မိမိကိုယ်မိမိ ဖြောင့်မတ်သူများအဖြစ် မလုပ်ဆောင်နိုင်ပါ။ ဘုရားသခင်ကသာလျှင် ကျွန်ုပ်တို့အား ဖြောင့်မတ်ခြင်းကို ပေးနိုင်သည်။

ကျွန်ုပ်၏သင်းအုပ်ဆရာ လုပ်သက်(၁၂)နှစ်၌ လူအချို့တို့သည် ဆက်ကပ်မှုအားနည်းသော်လည်း ဆုတောင်းခြင်း၌ အခြားသူထက် ထိရောက်ကြောင်း တွေ့ရှိခဲ့ရသည်။ ယုံကြည်ခြင်းဆုတောင်းကို ပိုမိုပြီး တောင်းခံနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ ကျွန်ုပ်သည် ဤအရာကို နားမလည်သော်လည်း နောက်ဆုံး၌ ဘုရားသခင်သည် မိမိနှုတ်ကပတ်တော်အားဖြင့် ဖော်ပြခဲ့သည်။ ကျွန်ုပ်တို့ကောင်းသည်။ ဆိုးသည်အပေါ်တွင် အခြေခံပြီး ဆုတောင်းခြင်း၏အဖြေကိုရရှိသည် မဟုတ်ပေ။ ဘုရားသခင်နှင့် မှန်ကန်သောရပ်တည်မှုပေါ်တွင် အခြေခံနေသည်။

ကျွန်ုပ်တို့သည် သခင်ယေရှုခရစ်တော်အားဖြင့် ဖြောင့်မတ်ခြင်းကို ရရှိသည်။ “အဘယ်ကြောင့်နည်းဟူမူကား ဘုရားသခင်သည် အပြစ်နှင့်ကင်းစင်စေသောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား ငါတို့သည် ထိုသူအားဖြင့် ဘုရားသခင့်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည်အကြောင်းတည်း။”(၂ကော၊ ၅း၂၁) ဖြောင့်မတ်ခြင်းသည် ဘုရားသခင်နှင့် ရပ်တည်မှုမှန်ကန်ခြင်းပင်ဖြစ်သည်။ သခင်ယေရှုသည် ကျွန်ုပ် တို့၏ ဖြောင့်မတ်ခြင်းဖြစ်သည်။ ဒုတိယအကြိမ်မွေးဖွားခြင်းခံပြီးသောသူတိုင်းသည် ခရစ်တော်၌ရရှိထားသော မှန်ကန်သည့်ရပ်တည်မှုနှင့်ဖြောင့်မတ်ခြင်းတို့ကို ထပ်တူထပ်မျှရရှိသည်။ ခရစ်တော်၏အသွေးတော်အားဖြင့် ကျေးဇူးတော်ပလ္လင်သို့ ရဲဝံ့စွာဝင်ရောက်ရန် ဖိတ်ခေါ်ခြင်းခံရသူများဖြစ်သည်။

**ဆုတောင်းခြင်းနှင့်ပတ်သက်၍ယုဒ၏ပြောဆိုချက်**

ရှင်ယုဒက ဆုတောင်းခြင်းနှင့်ပတ်သက်ပြီး အသိဉာဏ်ပွင့်လင်းစေကာ အထောက်အကူပြုသည့်အချက်များကို ပြောကြားခဲ့သည်။ (ယုဒ၊ ၁း၂၀–၂၁) ချစ်သူတို့၊ သင်တို့သည် မိမိတို့အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိ တို့ကိုတည်ဆောက်လျက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဆုတောင်းပဋ္ဌနာပြုလျက်၊ ဘုရားသခင်ကို ချစ်ခြင်းမေတ္တာ၌ ကိုယ်ကိုကိုယ် စောင့်ရှောက်၍ ထာဝရအသက်အလို့ငှါ ငါတို့သခင်ယေရှု၏ကရုဏာတော် ကို မြော်လင့်၍နေကြလော့။

ယုဒ၏သွန်သင်မှုများသည် ပေါလုကောရိန္တုအသင်းတော်သို့ ရေးသားခဲ့သည့်စာများနှင့် ကိုက်ညီမှုရှိသည်။ “အခြားသောဘာသာစကားနှင့် ငါဆုတောင်းလျှင် ငါ့စိတ်နှလုံးဆုတောင်းသော်လည်း ... ”(၁ကော၊ ၁၄း၁၄) “အခြားသောဘာသာစကားဖြင့်ပြောသောသူသည် ကိုယ်ကိုသာတည်ဆောက်၏။”(၁ကော၊ ၁၄း၄) တည်ဆောက်ခြင်း၏အဓိပ္ပါယ်မှာ ကြီးထွားလာရန် လုပ်ဆောင်ခြင်းဖြစ်သည်။ အခြားသောဘာသာစကားဖြင့် ဆုတောင်းခြင်းသည် ယုံကြည်သူတစ်ဦးကို တည်ဆောက်သည်။ တစ်နည်းပြောရလျှင် ဝိညာဉ်ရေးရာကြွက်သားတည်ဆောက်မှုဟူ၍လည်းခေါ်ဆိုနိုင်သည်။

သန့်ရှင်းသောဝိညာဉ်တော်၌ ဆုတောင်းခြင်းသည် မိမိယုံကြည်ခြင်းကို တည်ဆောက်ပေးမည်ဟု ရှင်ယုဒ မပြောဆိုခဲ့ပေ။ “မိမိတို့အလွန်သန့်ရှင်းသော ယုံကြည်ခြင်းအပေါ်မှာ မိမိတို့ကို တည်ဆောက်လျက်...”

ကျမ်းချက်တစ်ခုမှ ကျမ်းပိုဒ်တစ်ခုကို ထုတ်နှုတ်ပြီး အကြောင်းအရာတစ်ခုအတွက် သက်သေပြသည်

ဆိုသည်မှာ မိုက်မဲသောအရာပင်ဖြစ်သည်။ ကျန်ရှိသည့် ကျမ်းပိုဒ်များနှင့် မကိုက်ညီမှု၊ မတိုက်ဆိုင်သည့်အရာ မဖြစ်စေရ။ ကျမ်းပိုဒ်တစ်ခုလုံးကို ခြုံငုံ၍ ကျမ်းပိုဒ်ငယ်များအား အဓိပ္ပါယ်ကောက်ယူရန် ဖြစ်သည်။ ကျမ်းပိုဒ်တစ်ခုချင်းကို လေ့လာခြင်းအားဖြင့် ကျမ်းပိုဒ်တစ်ခုနှင့်တစ်ခု အထောက်အကူဖြစ်ပြီး အားလုံးပေါင်းစပ်လိုက်ပါက ကိုက်ညီမှုရှိပေသည်။

ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို မည်ကဲ့သို့တည်ဆောက်နိုင်ရန် (ရောမ၊ ၁၀း၁၇)တွင် ဖော်ပြထားသည်။ "သို့ဖြစ်၍ ယုံကြည်ခြင်းသည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။" ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေ့လာခြင်းအားဖြင့် ယုံကြည်ခြင်းကို တည်ဆောက်နိုင်သည်။ ထို့နောက် အခြားသောဘာသာစကားနှင့် ဆုတောင်းခြင်းအားဖြင့် မိမိရရှိထားပြီးသော ယုံကြည်ခြင်းပေါ်တွင် အခြေခံ၍ ဝိညာဉ်ရေးရာတည်ဆောက်မှုပြုလုပ်နိုင်သည်။ ဝိညာဉ်တော်၌ ဆုတောင်းခြင်းအားဖြင့် တည်ဆောက်မှုပြုလုပ်နိုင်သည်။ ဝိညာဉ်တော်၌ ဆုတောင်းခြင်းအားဖြင့် တည်ဆောက်မှုကိုရရှိစေပြီး ကျွန်ုပ်တို့၏ နေ့စဉ်အသက်တာများထဲ၌ ဝိညာဉ်ရေးရာတည်ဆောက်မှု ပြုလုပ်နိုင်သည်။

**ကျက်မှတ်ရန်ကျမ်းချက်**

သူတော်ကောင်းဆုတောင်း၍ အရှိန်ကြီးသောပဌနာသည် အလွန်တန်ခိုးပါ၏။ (ယာ၊ ၅း၁၆)။

ဆက်လက်ဖော်ပြပါမည်။

# ဘဝခရီးနှင့်စေသောရည်ရွယ်ချက်

ဆရာအောင်သက်ညွန့်

## အမှန်တရားအားဖြင့် အသွင်သဏ္ဌာန်ပြောင်းလဲခြင်း၊

ယေရှုကလည်း လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရမည်မဟုတ်။
ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကိုမွေးရမည်
ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။ (ရှင်မဿဲခရစ်ဝင် ၄း၄)
ညီအစ်ကိုတို့၊ ယခု ငါသည် သင်တို့ကို ဘုရားသခင်၌ အပ်နှံ၏။
သင်တို့ကို တည်ဆောက်ခြင်းငှါလည်းကောင်း၊ သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူ
သင်တို့အားအမွေပေးခြင်းငှါလည်းကောင်း၊ တတ်နိုင်သော ဘုရားသခင်၏
ကျေးဇူးတော်တရား၌လည်း သင်တို့ကို ငါအပ်နှံ၏။ (တမန်တော်ဝတ္ထု ၂၀း၃၂)

သမ္မာကျမ်းစာကို လေ့လာသင်ယူခြင်းနှင့် ပတ်သက်ပြီး ကွဲပြားခြားနားသောနည်းလမ်းအဖုံဖုံကို ရှင်းပြဖို့ ကျွန်တော့်မှာအချိန်မရှိဘူး။ လွန်ခဲ့သော နှစ်ပေါင်းနှစ်ဆယ်တုန်းက ကျွန်တော်ရေးသားခဲ့တဲ့ စာအုပ်တစ်အုပ်အပါအဝင် အထောက်အကူပြုမည့် မြောက်မြားစွာသော စာအုပ်တွေကို ယခုအချိန်မှာ အလွယ်တကူဖတ်ရှုနိုင်ကြပြီ ဖြစ်တယ်။ (Twelve Personal Bible Study Methods by Rick Warren) အကျိုးရှိသော သမ္မာကျမ်းစာ လေ့လာ သင်ကြားခြင်းရဲ့ လျှို့ဝှက်ချက်ကတော့ မှန်ကန်စွာ မေးခွန်းထုတ်နိုင်ဖို့အတွက် ရိုးရှင်းစွာ သင်ကြားခြင်းပဲ ဖြစ်တယ်။ အခြားနည်းလမ်းများကတော့ ခြားနားသောမေးခွန်းများကို အသုံးပြုလိမ့်မယ်။ ဘယ်သူလဲ၊ ဘာလဲ။ ဘယ်တုန်းကလဲ။ ဘယ်မှာလဲ။ ဘာကြောင့်လဲ။ ပြီးတော့ ဘယ်လိုလဲ စသည့် ရိုးရှင်းသောမေးခွန်းများကို သမ္မာကျမ်းစာ လေ့လာရင်း ခဏနားလိုက်၊ မေးခွန်းထုတ်လိုက်၊ လုပ်ကြည့်ရင် သင်ပိုမိုရှာဖွေတွေ့ရှိ သိနားလည်လာ

လိမ့်မယ်။ သမ္မာကျမ်းစာက ဒီလိုပြောထား တယ်။ “လွှတ်ခြင်းနှင့်စပ်ဆိုင်၍ စုံလင်သောတရား၌ စေ့စေ့ကြည့်ရှု၍ တည်ကြည်သောသူမူကား၊ တရားနာ၍ မေ့လျော့သောသူမဟုတ်။ အကျင့်ကျင့်သောသူဖြစ်သဖြင့်၊ မိမိကျင့်သောအကျင့်၌ မင်္ဂလာရှိသောသူဖြစ်၏။”(ယာ၊ ၁း၂၅)

စတုတ္ထအချက်အဖြစ်၊ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ဒေသနာ၌ တည်စေမည့်နည်းကတော့၊ ‘အောက်မေ့ဆင်ခြင်ခြင်း’အားဖြင့်ပဲ ဖြစ်တယ်။ သင့်ရဲ့ မှတ်မိနိုင်သောစွမ်းရည်ဟာ ဘုရားသခင်ပေးသနားတော်မူသော ဆုကျေးဇူးတစ်ခုဖြစ်တယ်။ သင့်မှာရှိတဲ့ မှတ်ဉာဏ်ဟာ ညံ့ဖျင်းတယ်လို့ သင် ထင်ကောင်းထင်မယ်။ သို့သော် တကယ့်အမှန်တရားက သင့်မှာ သန်းပေါင်းများစွာသော အကြံဉာဏ်တွေ၊ အမှန်တရားကိုသိရှိမှုတွေ အချက်အလက်တွေနဲ့ ကိန်းဂဏန်းများကို မှတ်မိနိုင်စွမ်းရှိတယ်။ တကယ်လို့ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်သမ္မာတရားဟာ သင့်အတွက် အရေးကြီးရင် ဒါကို မှတ်မိ သတိရခြင်းအလို့ငှါ သင်အချိန်ပေးမှာဖြစ်တယ်။

သမ္မာကျမ်းစာမှ ကျမ်းပိုဒ်များကို အလွှတ်ကျက်မှတ်ခြင်းဟာ ကြီးမားသော အကျိုးကျေးဇူးများကို ဖြစ်ပေါ်စေပါတယ်။ ဒီအရာက သင့်ကို စုံစမ်းခြင်းများအား တွန်းလှန်နိုင်ဖို့၊ မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်ဖို့၊ စိတ်ဖိစီးမှုများကို လျော့နည်းစေဖို့၊ ယုံကြည်မှုကို တည်ဆောက်ဖို့ ကောင်းမွန်သော အကြံပေးမှုကို လက်ခံနိုင်ဖို့နဲ့ သူတပါးအား သင့်ရဲ့ ယုံကြည်မှုကိုမျှဝေနိုင်ဖို့ ကူညီပေးလိမ့်မယ်။ (ဆာ ၁၁၉း၁၁၊ ၁၀၅း ၄၉–၅၀၊ ယေရ၊ ၁၅း၁၆၊ သု၊ ၂၂း၁၈၊ ၁၉၊ ၃း၁၅၊)

သင့်မှတ်ဉာဏ်ဟာ ကြွက်သားလိုပဲ။ ပိုပြီး အသုံးပြုလေ၊ ပိုပြီးသန်မာလေဖြစ်တယ်။ ပြီးတော့ သမ္မာကျမ်းစာမှ ကျမ်းပိုဒ်များကို ကျက်မှတ်ခြင်းဟာလည်း ပိုပြီးလွယ်ကူသွားလိမ့်မယ်။ သမ္မာကျမ်းစာ တစ်အုပ်လုံးကနေ သင့်ကို တို့ထိခွန်အားရစေသော ကျမ်းပိုဒ်အနည်းငယ်ကို သင်ဘယ်သွားသွား ယူဆောင်သွားနိုင်တဲ့ ကဒ်လေးတစ်ခုပေါ်မှာချရေးခြင်းအားဖြင့် စတင်သင့်တယ်။ ဒီနောက်တော့ တစ်နေ့လုံးမှာ ထိုကျမ်းပိုဒ်များကို ကျယ်ကျယ်လေး ပြန်လှန်ဖတ်ပေးပါ။ အလုပ်လုပ်နေစဉ်ပဲဖြစ်ဖြစ်၊ တစ်ခုခုကို စောင့်ဆိုင်းနေစဉ်မှာဖြစ်ဖြစ်(သို့မဟုတ်)အိပ်ယာဝင်ချိန်မှာပဲဖြစ်ဖြစ်၊ ကျမ်းပိုဒ်လေးတွေကို သင်ကျက်မှတ်ရွတ်ဆိုနိုင်တယ်။ ကျမ်းပိုဒ်များကို ကျက်မှတ်ဖို့အတွက် သော့ချက်သုံးခုကတော့ ပြန်လည်စဉ်းစားခြင်း၊ ပြန်လည်စဉ်းစားခြင်းနဲ့ပြန်လည်စဉ်းစားခြင်းပဲဖြစ်တယ်။ သမ္မာကျမ်းစာကဒီလိုပြောထားတယ်။ “ခရစ်တော်၏ နှုတ်ကပတ်တော်တရားသည် ပညာအမျိုးမျိုးနှင့် သင်တို့အထဲ၌ ကြွယ်ဝစွာ တည်နေ၍ သင်တို့သည် ဆာလံသီချင်းမှစသော ဓမ္မသီချင်းအမျိုးမျိုးအားဖြင့်၊ အချင်းချင်းတို့ကို ဆုံးမသွန်သင်ခြင်း၊ သတိပေးခြင်းကိုပြု၍ နူးညွတ်သောစိတ်နှလုံးနှင့် ဘုရားသခင့်ရှေ့တော်၌ တင့်တယ်လျောက်ပတ်စွာ သီချင်းဆိုကြလော့။” (ကော၊ ၃း၁၆)။

ဒေသနာ၌ တည်စေမည့်နည်းကတော့ ပြန်လည်ထင်ဟပ်စေခြင်း ဖြစ်တယ်။ ဒါကို သမ္မာကျမ်းစာက ဆင်ခြင်အောက်မေ့ခြင်း (အာရုံပြုခြင်း)လို့ ခေါ်တယ်။ လူအတော်တော်များများအတွက်တော့ ဆင်ခြင်အောက်မေ့ခြင်းဆိုတာ အာရုံထဲမှာ ပုံရိပ်တွေကို ထင်ဟပ်စေပြီး၊ ဒါကို လမ်းကြောင်းပြောင်းလိုက်ခြင်းပဲဖြစ်တယ်။ ဒါဟာ သမ္မာကျမ်းစာနဲ့အညီလာတဲ့ ဆင်ခြင်အောက်မေ့ခြင်းနဲ့တော့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေတယ်။ ဆင်ခြင်အောက်မေ့ခြင်းဆိုတာ စဉ်းစားတွေးခေါ်မှုအပေါ် အာရုံပြုခြင်းဖြစ်တယ်။ ဒီအတွက် လေးနက်စွာ ကြိုးပမ်းလုံးလထုတ်မှုလိုအပ်တယ်။ ကျမ်းပိုဒ်တစ်ခုကို ရွေးချယ်ပြီး ဒီအပေါ်မှာ အထပ်ထပ်အခါခါ ဆင်ခြင်အောက်မေ့ပါ။

သင်ခန်းစာ (၁၁)မှာတုန်းက ကျွန်တော်ဖော်ပြခဲ့တဲ့အချက်ကတော့ တကယ်လို့ သင် ဘယ်လိုစိုးရိမ်ကြောင့်ကြရမလဲဆိုတာကိုသိရင်၊ ဘယ်လိုဆင်ခြင်အောက်မေ့ အာရုံပြုရမလဲဆိုတာကိုလည်း သင်သိပြီးသားဖြစ်လိမ့်မယ်။ စိုးရိမ်ကြောင့်ကြမှုဆိုတာ အနှုတ်လက္ခဏာဆောင် (အဆိုးမြင်)သောအရာတစ်စုံတစ်ခုအပေါ်မှာ အာရုံပြုတွေးခေါ်ခြင်း ဖြစ်တယ်။ ဆင်ခြင်အောက်မေ့ခြင်းဆိုတာလည်း ဒီသဘောပဲ။ သင့်ပြဿနာတွေရဲ့နေရာမှာ ဘုရားသခင်ရဲ့ နှုတ်

ကပတ်တော်ကို အစားထိုးအာရုံပြုလိုက်ခြင်းဖြစ်တယ်။

သင့်ဘဝကို အသွင်သဏ္ဍာန်ပြောင်းလဲသွားစေဖို့နဲ့သခင်ယေရှုနဲ့ ပိုမိုတူလာစေဖို့ရန် ဘယ်အလေ့အကျင့်ကမှ သမ္မာကျမ်းစာအပေါ် ပြန်လည်ထင်ဟပ်ခြင်း (ဆင်ခြင်အောက်မေ့ခြင်း)လောက် ထိရောက်အသုံးဝင်မှုမရှိဘူး။ ဘုရားသခင်ရဲ့ သစ္စာအမှန်တရားအပေါ်မှာ ကျွန်ုပ်တို့အချိန်ပေးအာရုံပြုဆင်ခြင်သကဲ့သို့ ခရစ်တော်ရဲ့ ဥပမာပုံစံများအပေါ်မှာလည်း လေးနက်စွာ ပြန်လည်ထင်ဟပ်ဆင်ခြင်ကြရမယ်။ ကျွန်ုပ်တို့ဟာ ဒီလိုပြောင်းလဲကြရမယ်။ "ငါတို့ရှိသမျှသည် မျက်နှာဖုံးကိုဖွင့်လျက် မှန်ကို ကြည့်သကဲ့သို့၊ သခင်ဘုရား၏ ဘုန်းအသရေတော်ကို ကြည့်မြင်၍ ဝိညာဉ်တော်တရား၏အရှင်သည် ရောင်ခြည်တော်ကို လွှတ်တော်မူသည်အတိုင်း၊ ငါတို့သည် ဘုန်းအသရေတိုးပွား၍ ပုံသဏ္ဍာန်တော်နှင့်အညီ ပြောင်းလဲခြင်းရှိရကြ၏။" (၂ကော၊ ၃း၁၈)။

သမ္မာကျမ်းစာထဲမှာ ဆင်ခြင်အောက်မေ့ခြင်းနဲ့ပတ်သက်ပြီး၊ ဘုရားသခင်ပြောထားသမျှအကုန်လုံးကို သင် ဖတ်ရှုတဲ့အခါတိုင်းမှာ သူ့နှုတ်ကပတ်တော်အားနေ့စဉ်အချိန်ယူဆင်ခြင်အောက်မေ့သူများအားပေးထားသော သူ့ဂတိတော်များမှ အကျိုးကျေးဇူးများက သင့်ကို အံ့အားသင့်စေမှာဖြစ်တယ်။ ဒါဝိဒ်ကို ဘုရားသခင်က 'ငါ့အလိုကို ပြည့်စုံစေမည့်သူ'(တ၊ ၁၃း၂၂) လို့ ခေါ်တော်မူရသည့်အကြောင်းများထဲမှ တစ်ချက်က သူ(ဒါဝိဒ်)ဟာ ဘုရားသခင်ရဲ့ နှုတ်ကပတ်တော်ကို တစ်နေ့လုံးဆင်ခြင်အောက်မေ့ခြင်း၌ မွေ့လျော်တဲ့အတွက်ဖြစ်တယ်။ (ဆာ၊ ၁၁၉း၉၇)။ ဘုရားသခင်ရဲ့ သစ္စာနှင့်အမှန်တရားအပေါ်၌ လေးနက်သော ဆင်ခြင်အောက်မေ့ခြင်းသည် အဖြေရရှိသော ဆုတောင်းခြင်းနှင့် အောင်မြင်သောဘဝအသက်ရှင်မှု၏ လျှို့ဝှက်ချက်တို့အတွက် သော့ချက်ဖြစ်သည်။ (ယော၊ ၁၅း၇၊ ယောရှု၊ ၁း၈၊ ဆာ၊ ၁း၂-၃)။

ကျွန်ုပ်အနေနှင့် သမ္မာကျမ်းစာမှ သဘောတရားများကို လက်တွေ့အကောင်အထည်ဖော်အသုံးချရမည်။ တကယ်လို့ ကျွန်ုပ်တို့က ဘုရားသခင်၏ နှုတ်ကပတ်တော်အား နာယူလက်ခံခြင်း၊ ဖတ်ရှုခြင်း၊ ရှာဖွေသုတေသနလုပ်ခြင်း၊ အောက်မေ့ဆင်ခြင်ခြင်း၊ ပြန်လည်ထင်ဟပ်စေခြင်းတို့ကို တကယ့်လက်တွေ့ကျင့်သုံးခြင်း၌ ပေါင်းထည့်ခြင်းမပြုရင် ဒီနည်းတွေအားလုံးဟာ ဘာမှ အသုံးမဝင်ဘူး။ ကျွန်ုပ်တို့အနေနှင့် ယခုလို ကျင့်ကြံကြရမယ်။ "ကိုယ်ကိုကိုယ် လှည့်ဖြား၍ နှုတ်ကပတ်တရားကို နာရုံမျှသာ ပြုသောသူမဟုတ်။ တရားကို ကျင့်သောသူဖြစ်ကြလော့။"(ယာ၊ ၁း၂၂)။ ဒါဟာ အဆင့်တွေ အားလုံးထဲမှာ အခက်ခဲဆုံးဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ စာတန်မာရ်နတ်ဟာ ဒီအဆင့်ရောက်ရင် အပြင်းအထန် တိုက်ခိုက်လေ့ရှိတဲ့အတွက် ဖြစ်တယ်။ သင်ဟာ သမ္မာကျမ်းစာကို ဘယ်လောက်ပဲ သင်သင်၊ ဒီအရာတွေအပေါ်မှာ လက်တွေ့မကျင့်သုံးသ၍ စာတန်မာရ်နတ်က သင့်ကို အိပ်မက်ထဲတောင်ထည့်မမက်ဘူး။ သဘောက သူ အရေးတယူလုပ်ရအောင် အရေးမကြီးဘူးဆိုတဲ့ သဘောပဲ။

ကျွန်ုပ်တို့က အမှန်တရားကို နှလုံးသွင်း ခံယူခြင်းမရှိဘဲ၊ ဒါကို ကြားရုံ၊ ဖတ်ရုံသင်ယူရုံနဲ့တင် ဟုတ်လှပြီလို့ မှတ်ယူပြီး၊ ကိုယ့်ကိုကိုယ် အရူးလုပ်ကာ လှည့်ဖြားနေကြတယ်။ တကယ်ဆိုရင် သင်ဟာ နောက်တက်ရမည့် သင်တန်းတွေ၊ ပို့ချမှုတွေ(သို့မဟုတ်)သမ္မာကျမ်းစာနဲ့ပတ်သက်သောညီလာခံတွေ တက်နေရပြီး၊ သင် သင်ကြားခဲ့သောအရာတွေကို အထမြောက်အောင် ဆောင်ရွက်ဖို့ အချိန်မပေးနိုင်လောက်အောင်ကို အလုပ်များသူဖြစ်နိုင်ပါတယ်။ ဒါဆိုရင် သင်ဟာ နောက်ထပ်သင်ကြားမှုကိုအသွား လမ်းမှာ အရင်က သင်ယူခဲ့တာတွေအားလုံးကို မေ့ပျောက်သွားလိမ့်မယ်။ လက်တွေ့လုပ်ဆောင်ခြင်းမရှိသော သမ္မာကျမ်းစာသင်ကြားမှုဟာ အချည်းနှီးသက်သက်ပဲဖြစ်တယ်။ သခင်ယေရှု က ဒီလိုပြောခဲ့တယ်။ "အကြင်သူသည် ငါဟောပြောသော ဤစကားကိုကြား၍ နားထောင်၏ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့်တူကြောင်းကို ငါပုံပြမည်။"(မ၊ ၇း၂၄)

ဘုရားသခင်ထံမှ ကောင်းချီးမင်္ဂလာသည် အမှန်တရားအပေါ် နာခံလိုက်လျှောက်ခြင်းမှလာကြောင်းကို သခင်ယေရှုကလည်း ထောက်ပြခဲ့တယ်။ သိခြင်းသက်သက်နဲ့မလုံလောက်ပါဘူး။ သခင်ယေရှုက ဒီလိုပြောခဲ့တယ်။ "ဤအရာများကို သင်တို့သိ၍ သိသည်အတိုင်း ကျင့်လျှင် မင်္ဂလာရှိကြ၏။"(ယော၊

၁၃း၁၇)။ ကိုယ်ပိုင်လိုက်လျှောက်ကျင့်ဆောင်မှုကို ရှောင်ရှားကြခြင်းအတွက် နောက်ထပ်အကြောင်း တစ်ချက်ကတော့ ခက်ခဲမှုနဲ့နာကျင်မှုကိုဖြစ်စေတဲ့အတွက်ပင်ဖြစ်တယ်။ အမှန်တရားကသင့်ကို လွတ်ခြင်းအခွင့် ပေးလိမ့်မယ်။ သို့သော် ပထမဦးဆုံးတော့ သင့်ကို စိတ်ဆင်းရဲမှု ပေးကောင်းပေးလိမ့်မယ်။ ဘုရား သခင်ရဲ့နှုတ်ကပတ်တော်ဟာ ကျွန်ုပ်တို့ရဲ့စိတ်ရင်းကို ဖွင့်ပြသပေးတယ်။ ကျွန်ုပ်တို့ရဲ့အမှားကို ထောက်ပြ ပေးတယ်။ ကျွန်ုပ်တို့ကို အပြစ်များမှ ဝေးဝေးနေဖို့သတိပေးတယ်။ ပြီးတော့ ကျွန်ုပ်တို့ ပြောင်းလဲဖို့အတွက် မျှော်လင့်ချက်တွေကို ဖန်တီးပေးတယ်။ အပြောင်းအလဲတွေကိုဆန့်ကျင်တတ်တာဟာ လူ့သဘာဝပဲဖြစ်တယ်။ ဒါကြောင့် နှုတ်ကပတ်တော်ကို လိုက်လျှောက်ခြင်းဟာခက်ခဲသောအလုပ်ဖြစ်တယ်။ ဒါကြောင့် မို့လို့ တခြားသူများအား သင့်ရဲ့ ကိုယ်ပိုင် လိုက်လျှောက်ကျင့်ဆောင်မှုကိုဆွေးနွေးခြင်းဟာ အလွန်ပဲအရေးကြီးတယ်။

သမ္မာကျမ်းစာသင်ကြားသော အုပ်စုအဖွဲ့ငယ်လေးအတွင်းက တစ်စိတ်တစ်ပိုင်းဖြစ်ရတဲ့ တန်ဖိုးကို ကျွန်တော်အကျယ်ချဲ့ မပြောချင်ပါဘူး။ ကျွန်ုပ်တို့က တခြားသူများရဲ့ အမှန်တရားတွေ့ရှိမှုအပေါ် ၌သာ သင်ယူ ကြပြီး၊ ကိုယ့်ကိုကိုယ် တွေ့ရှိမှုအပေါ်မှာတော့ ဘယ်တုန်းကမှ မသင်ယူကြဘူး။ တခြားသူတို့က သင့် အထဲ၌ လိုအပ်သောအရာကိုမြင်စေဖို့နှင့် ဘုရားသခင် ၏ အမှန်တရားကို လက်တွေ့ကျင့်သုံးခြင်း၌ ပေါင်းစပ်နိုင်ပါ မည့်အကြောင်း ကူညီပေးလိမ့်မယ်။

နှုတ်ကပတ်တော်ဖတ်ရှုခြင်း (သို့မဟုတ်) သင်ကြားခြင်း (သို့မဟုတ်) ဆင်ခြင်အောက်မေ့ခြင်းတို့၏ ရလဒ်များကို လက်တွေ့အသက်ရှင်မှုဖြင့် တိုင်းတာ သတ်မှတ်ခြင်းဟာ 'တရားကျင့်သောသူ'ဖြစ်လာစေဖို့အတွက် အကောင်းဆုံးနည်းလမ်းပဲဖြစ်တယ်။ သင် တကယ်လုပ်ချင်တဲ့အရာကို တိတိကျကျရေးချတတ်တဲ့အကျင့်ကို တိုးတက်စေပါ။ ဒီလုပ်ရှားမှုအဆင့်ဟာ ကိုယ်ရေးကိုယ်တာ(သင်လည်းပါဝင်ရမယ်) လက်တွေ့လုပ်ဆောင်မှု (သင်လုပ်နိုင်တဲ့ တစ်စုံတစ်ခုပေါ့)နှင့် လက်တွေ့ပြနိုင်သောအရာ (သတ်မှတ်ပြဋ္ဌာန်းထားသော ပြီးမြောက်ရမည့်အချိန်အပါအဝင်) ဖြစ်ရမယ်။ စူးစိုက်ကြိုးပမ်းမှုတိုင်းမှာ သင်နှင့် ဘုရားသခင်ဆက်ဆံရေး၊ သင်နှင့်အခြားသူများ ဆက်ဆံရေး(သို့မဟုတ်)သင့်ရဲ့ကိုယ်ပိုင် စရိုက်လက္ခဏာတို့ ပါဝင်မှာ ဖြစ်တယ်။

နောက်လာမယ့် အခန်းကိုမဖတ်ခင်မှာ ဒီမေးခွန်းလေးကို အချိန်ယူစဉ်းစားဆင်ခြင်ပါ။ နှုတ်ကပတ်တော်အားဖြင့် သင့်ကို လုပ်ဆောင်ရန် ဘုရားသခင် က ညွှန်ကြားခဲ့သော်လည်း သင် စတင်မလုပ်ဆောင်ရသေးသော ထိုအရာများကား အဘယ်နည်း။ လက်တွေ့ လုပ်ဆောင်ရမည့် လှုပ်ရှားမှုအချို့ကိုရေးချပါ။ ဒီအချက်တွေက သင်သိထားသောအရာတွေအပေါ် ဘယ်လိုတုန့်ပြန်ရမလဲဆိုတာ ကူညီပေးလိမ့်မယ်။ သင့်ကို လမ်းမှန်ပြပေးမည့် တာဝန်ယူတတ်သူ သူငယ်ချင်းကောင်းတစ်ယောက်ကိုတော့ သင် ဖွင့်ဟတိုင်ပင်နိုင်ပါတယ်။ ဒီအယ်လ်မူးဒီ D.L. Moody က ဒီလိုပြောခဲ့တယ်။ "သမ္မာကျမ်းစာကို ကျွန်ုပ်တို့ အသိဉာဏ်ပညာတိုးတက်ကြွယ်ဝလာဖို့ ပေးထားတာ မဟုတ်ဘူး။ ကျွန်ုပ်တို့အသက်တာပြောင်းလဲဖို့ အတွက် ပေးထားခြင်းသာဖြစ်တယ်။"

## မိမိရည်ရွယ်ချက်ကို သုံးသပ်ဆင်ခြင်ခြင်း

**တွေးဆရမည့်အချက်** – အမှန်တရားက ကျွန်ုပ်ကိုအသွင်သဏ္ဌာန်ပြောင်းလဲစေတယ်။

**ဆင်ခြင်ရမည့် ကျမ်းပိုဒ်** – *"ထိုအခါ ယေရှုက သင်တို့သည် ငါ၏ဒေသနာ၌တည်လျှင် ငါ့တပည့် အမှန် ဖြစ်ကြ၏။ သမ္မာတရားကိုလည်း သိကြသဖြင့်၊ ထိုတရားသည် သင်တို့ကို လွတ်လိမ့်မည်ဟု ယုံကြည်သောယုဒလူတို့အား မိန့်တော်မူ၏။"* (ယော၊ ၈း၃၁–၃၂)

**စဉ်းစားဆင်ခြင်ရမည့်မေးခွန်း၊** – နှုတ်ကပတ်တော်အားဖြင့် သင့်ကို လုပ်ဆောင်ရန် ဘုရားသခင်က ညွှန်ကြားခဲ့သော်လည်း သင် စတင် မလုပ်ဆောင်ရသေးသော ထိုအရာများကားအဘယ်နည်း။

ဆက်လက်ဖော်ပြပါမည်။

# ကြွယ်ဝသောအသက်တာခံစားဖို့

## ညီအစ်ကို ဦးဒယ်နီရယ်

လောကကြီးထဲ၌ ပျော်စရာအကောင်းဆုံးနေ့ သုံးနေ့ရှိကြောင်း၊ လူတို့ကအမှတ်ပြု၍ ဆိုကြသည်။ မင်္ဂလာဆောင်သောနေ့၊ ထောင်မှလွတ်သောနေ့၊ ဘုန်းကြီးဝတ်ရာမှလူဝတ်လဲသောနေ့တို့ဖြစ်ကြသည်။ မင်္ဂလာဆောင်သောနေ့က မိမိချစ်သောသူနှင့်အတူ တသက်လုံးနေခွင့်ရ၍ ပျော်ကြသည်။ ထောင်ကျနေစဉ် ဥပဒေနှင့်ပညတ်နှင့် အချုပ်အနှောင်အောက်၌ရှိနေရပြီး၊ ထောင်မှလွတ်သောအခါ ထိုချုပ်နှောင်မှုများမှ လွတ်၍ ပျော်ကြသည်။ ဘုန်းကြီးဝတ်စဉ် ပညတ်တရားတို့၏ကျင့်ကြံအားထုတ်မှုအောက်၌နေရပြီး၊ လွတ်လပ်စွာမနေရ၊ ညနေစာ မစားရ၊ လူဝတ်လဲသောအခါ လွတ်လပ်စွာနေခွင့်ရ၍ ပျော်ကြသည်။

*"ကောင်းကင်တမန်ကလည်း ကြောက်ရွံ့ခြင်း မရှိကြနှင့်။ လူအပေါင်းတို့သည် အလွန်ဝမ်းမြောက်ဝမ်းသာစရာသိတင်းကို ငါသည် သင်တို့အား ကြားပြောရ၏။"(လု၊ ၂း၁၀)။*

ထိုသတင်းစကားကို ကြား၍ အသက်တာ၌ ခံစားသောသူများက အထက်တွင် ဖော်ပြခဲ့သော ပျော်စရာကောင်းသောခံစားမှုများထက် သာလွန်ပါသည်။ သေခြင်း၏လက်မှလွတ်ပြီး အသက်ရှင်ခြင်းသို့ ရောက်သောသူသည် အလွန်ဝမ်းမမြောက်ဘဲ မနေနိုင်ပါ။ ဣသရေလလူတို့သည် ပင်လယ်ကိုဖြတ်၍ တဖက်ကမ်းသို့ရောက်ကြပြီး၊ အဲဂုတ္တုလူတို့၏လက်မှ လွတ်ခွင့်ရကြသည့်အခါ အလွန်ဝမ်းမြောက်ကြသည်။ သေခြင်းတရားလက်၌ရှိပြီး အပါယ်လားရမည်ဖြစ်သော အခြေမှ လွတ်မြောက်၍ ကောင်းကင်နိုင်ငံတော်သို့ ဝင်ခွင့်ရသောသူတစ်ယောက်သည် အသက်တာ၌ အမှန်ပင် ဝမ်းမြောက်မည်ဖြစ်ပါသည်။

**စုံစမ်းခြင်းအားဖြင့် ရင့်ကျက်ဖို့ ရန်**

ကျွန်ုပ်အသက်တာ၌ ၁၉၇၆ ခုနှစ် ဧပြီလတွင် သမ္မာကျမ်းစာကို ဖတ်ရင်း ဘုရားသခင်၏ဖွင့်ပြမှုကို ခံစားခဲ့ရသည်။

*"သင်တို့သည်အဘိုးနှင့်ဝယ်တော်မူသော သူဖြစ်သောကြောင့်..." (၁ကော၊ ၆း၂၀)။*

ဤကျမ်းပိုဒ်အရာ သခင်ယေရှုသည် ကျွန်ုပ်ကို အဘိုးအခပေး၍ ဝယ်ခဲ့ကြောင်း၊ ကျွန်ုပ်ကို ဘုရားသခင်ပိုင်သောကြောင့်၊ အပါယ်ငရဲသွားစရာမလိုတော့ကြောင်း သိရှိခဲ့ရပါသည်။ ထိုသတင်းကောင်းကို နားလည်သဘောပေါက်လာချိန်၌ စိတ်နှလုံး၌ ဝမ်းမြောက်လွန်းလှ၍ ထမင်းပင်မစားချင်တော့၊ တွေ့သမျှလူကို ထိုသတင်းကောင်းကိုပင် ပြောလိုသောဆန္ဒဖြစ်လာပါသည်။ ဣသရေလလူတို့သည် ဘုရားသခင်၏တန်ခိုးတော်အားဖြင့် ပင်လယ်နီကိုခွဲ၍ ပင်လယ်အလယ်၌ လျှောက်သွား၍ တဖက်ကမ်းသို့ ရောက်သွားသကဲ့သို့ ကျွန်ုပ်တို့သည် သေခြင်းတဖက်ကမ်းမှနေ၍ အသက်ရှင်ခြင်းကမ်းသို့ရောက်ရှိပြီး အလွန်ဝမ်းမြောက်သော အသက်တာကိုခံစားဖို့ ဘုရားသခင်အလိုတော်ရှိပါသည်။

ချစ်သောမိတ်ဆွေ သင်သည် ယခုသေခြင်းတရားလမ်း၌ပင် ရှိနေပါသေးသလား။ အသက်ရှင်ခြင်းလမ်းသို့ ရောက်ရှိပြီလား။ အသက်ရှင်ခြင်းလမ်းသို့ မရောက်သေးပါက ရောယောင်၍ မနေကြဘဲ၊ အသက်တာကိုပြင်ဆင်ကြဖို့ လိုအပ်ပါသည်။ ဣသရေလလူတို့သည် ပင်လယ်နီကိုကျော်ဖြတ်ပြီး မကြာမီရှုရတော သို့ရောက်လာကြပါသည်။ ထိုအရပ်သို့ရောက်လာပြီး သောက်စရာရေမရှိကြ။ ဣသရေလလူတို့၏ ဝမ်းမြောက်မှုက ခဏသာခံစားရပြီး အခက်အခဲနှင့်စုံစမ်းနှောက်ယှက်ခြင်းနှင့်စ၍ ကြုံတွေ့ရပါသည်။ ယုံကြည်သူတို့၏အသက်တာ၌လည်း ထိုကဲ့သို့ပင်ဖြစ်ပါသည်။ ကယ်တင်ခြင်းကိုခံစားပြီး ဝမ်းမြောက်၍မကြာသေး၊ စုံစမ်းနှောက်ယှက်မှုနှင့်တွေ့ကြရသည့်အခါ အချို့က မိမိတို့ခရစ်တော်ကို ယုံကြည်မိသည်မှာ မှားပြီလားဟု

တွေးထင်တတ်ကြပါသည်။ ဘုရားသခင်သည် မိမိလူများအား စိတ်ဓါတ်ကြံ့ခိုင်ခြင်းရှိနိုင်ဖို့ရန် စုံစမ်းခြင်းကို ပေးပါသည်။

*"ငါ့ညီအစ်ကိုတို့ သင်တို့၏ ယုံကြည်ခြင်းကို စစ်ကြောစုံစမ်းခြင်းအရာသည် သည်းခံခြင်းကို ပွားစေတတ်သည်ဟု သိမှတ်လျက်၊ အထူးထူးအပြားပြား စုံစမ်းနှောက်ယှက်ခြင်းနှင့် တွေ့ကြုံသောအခါ ဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ကြလော့။ (ယာ၊ ၁း၂-၃)။*

စုံစမ်းနှောက်ယှက်ခြင်းသည် ကျွန်ုပ်တို့အသက်တာအတွက် ဝမ်းမြောက်စရာအကြောင်းသက်သက်ဖြစ်သည်ဟု မှတ်ယူသင့်ပါသည်။ စုံစမ်းနှောက်ယှက်ခြင်းအားဖြင့် ကျွန်ုပ်တို့အသက်တာများရင့်ကျက်လာကြဖို့၊ ဘုရားသခင်က ပြင်ဆင်ထားပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏သားသမီးများဖြစ်သောကြောင့် စုံစမ်းနှောက်ယှက်ခြင်းကို ဘုရားသခင်ကပေးခြင်းဖြစ်ပါသည်။ မိမိသားသမီးမဟုတ်သောသူများကို ဘုရားသခင်သည် စုံစမ်းနှောက်ယှက်ခြင်းကိုမပေးပါ။ စုံစမ်းနှောက်ယှက်ခြင်းကို မပေးပါ။ စုံစမ်းနှောက်ယှက်ခြင်းကို ဘုရားသခင်ပေးခြင်း၏ အခြားအကြောင်းရင်းတစ်ခုမှာ မိမိသားသမီးများသည် အလျင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်စေဖို့ဖြစ်သည်။

*"သင်တို့သည် အလျင်းမချို့တဲ့ဘဲ စေ့စပ်စုံလင်မည်အကြောင်း သည်းခံခြင်းစိတ်သည် အကုန်အစင်ပြုပြင်ပါစေ။"(လာ၊ ၂း၄)။*

စုံလင်စေဖို့ဟု ဆိုရာ၌ ကျွန်ုပ်တို့သည် တစ်ကိုယ်ကောင်းဆန်သောသူများအဖြစ်ကြဖို့ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဆင်းရဲသောသူများ၊ ဖျားနာ၍မကျန်းမမာဖြစ်နေသောသူများကို ကိုယ်ချင်းစာတတ်ကြဖို့ရန် စုံစမ်းခြင်းကိုပေးခြင်းဖြစ်သည်။ ဆန်တစ်ပြည်အတွက် ဆုမတောင်းဘူးသောသူသည် ဆန်မရှိသောသူများကို ကိုယ်ချင်းမစာတတ်ပါ။ ဖျားနာဝေဒနာမခံစားဘူးသောသူက ဝေဒနာခံစားနေရသောသူအား သနားသည်ဟုဆိုသော်လည်း အမှန်တကယ် စိတ်နှလုံးက ကိုယ်ချင်းမစာတတ်ပါ။ အသက်တာ၌ ခဲယဉ်းခြင်း၊ ပြဿနာ၊ ဝေဒနာခံစားဘူးသောသူများက အလားတူပြဿနာ၊ ခဲယဉ်းခြင်းဝေဒနာခံစားရသောသူများကို ကိုယ်ချင်းစာတတ်ပါသည်။ ထိုသို့သောအားဖြင့် စုံလင်သောနှလုံးသားရှိသောသူများဖြစ်စေဖို့ရန် ကျွန်ုပ်တို့အား ဘုရားသခင်က ပြင်ဆင်ပါသည်။ ထိုစိတ်သဘောသည် သူ့အမှုအရာကို ရှုမှတ်တတ်သည့် ယေရှုခရစ်၌ရှိသော စိတ်သဘောမျိုးပင်ဖြစ်ပါသည်။ အသက်တာ၌ ကြုံတွေ့ရသော စုံစမ်းနှောက်ယှက်ခြင်းကို သည်းခံ၍ ကျော်လွှားအောင်မြင်သောသူသည် အဆုံး၌ အသက်သရဖူကို ရရှိမည်ဖြစ်သည်။ အသက်သရဖူဟု ဆိုရာ၌ အချို့က သေလွန်ပြီးနောက် ခရစ်တော်နှင့်တွေ့သည့်အခါ ရမည့် အသက်သရဖူကို ရည်ညွှန်းကြသည်။

သို့သော် ယနေ့ပြောလိုသည်မှာ ယခု ဘဝ၌ပင် အသက်တာအောင်မြင်သောသရဖူကို ဆောင်းရမည့်အခွင့်ဖြစ်သည်။ အသက်တာရင့်ကျက်လာသည့်အခါ စုံစမ်းနှောက်ယှက်ခြင်းကို ပြဿနာဟုသဘောမထားတော့။ မိမိအသက်တာ၌ မင်္ဂလာရှိဖို့ ဝမ်းမြောက်ဖို့၊ စုံလင်စေဖို့ဖြစ်သည်ဟု ခံယူကာ ဘုရားသခင်အားဖြင့် ထိုအခြေအနေများကို ကျော်လွှား၍ အောင်မြင်မှုကို ခံစားရမည်ဖြစ်သည်။ ကျွန်ုပ်တို့အသက်တာ၌ စုံစမ်းနှောက်ယှက်မှုကို ခံရပြီးနောက် ဘုရားသခင်သည် ကရုဏာတော်အားဖြင့် ထိုအမှုကို အဆုံးသတ်တော်မူပါသည်။

**ခါးသီးသောအသက်တာကိုကျော်လွန်၍**

ကျွန်ုပ်တို့အသက်တာ၌ သခင်ခရစ်တော်ကို ရသည့်အခါ ဝမ်းမြောက်ခြင်းကို ခံစားကြရပါသည်။ ထိုမှဆက်၍ ရှုရတောသို့ ရောက်ခြင်းတည်းဟူသော စုံစမ်းနှောက်ယှက်ခြင်းကို အသက်တာ၌ တွေ့ကြုံကြရသည်။ ထိုမှလွန်သည့်အခါ မာရအရပ်သို့ ရောက်ကြသည်။ မာရအရပ်ဟုဆိုသောကြောင့် အရာရာက ခါးသည်း စရာဖြစ်ပေလိမ့်မည်။ ခရစ်ယာန်အသက်တာ၌ စုံစမ်းခြင်းများစွာခံရပါက ခါးသည်းခြင်းစိတ်ဝင်လာတတ်ပါသည်။ ဟိုလူကိုကြည့်မရ၊ ဒီလူကိုကြည့်မရ ဖြစ်နေတတ်ပါသည်။ ဆုတောင်းသော်လည်း စိတ်နှလုံးကမပါ။ ကျမ်းစာဖတ်ပါကလည်း ခွန်အားမရ၊ ဝေငှပါကလည်း သူတပါးကို စောင်းပြောသကဲ့သို့ ဖြစ်နေတတ်ပြီး၊ အရာရာတိုင်း၌ ခါးသည်းမှုနှင့် နာကျည်းမှုဖြစ်နေတတ်ပြီး၊ အိပ်၍လည်းမပျော်၊ စားလို့လည်းမဝင် ဖြစ်

ပြီးနေတတ်သည်။ စိတ်နှလုံးသား၏ ခါးသည်းခြင်း သဘောသည်ကြောက်စရာကောင်းပါသည်။ ကျွန်ုပ် တို့သည် စိတ်နှလုံး၌ ခါးသည်းခြင်းသဘောရှိနေပါက ပေါ့ပေါ့ဆဆသဘောမထားသင့်ကြပါ။

*"သင်တို့တွင် တစ်စုံတစ်ယောက်မျှ ဘုရားသခင်၏ ကျေးဇူးတော်ကိုမရဘဲနေစေခြင်းငှါငှင်း၊ ခါးစွာသော ပင်မြစ်ပေါက်၍ သင်တို့နှောက်ယှက်သဖြင့်၊ လူအများ တို့သည် အပြစ်နှင့်မညစ်ညူးစေခြင်းငှါငှင်း"(ဟေ၊ ၁၂း၁၅)။*

ခါးသည်းခြင်းသည် အပင်အမြစ်ပေါက်သကဲ့ သို့ ကျွန်ုပ်တို့နှလုံးသားထဲ၌ အမြစ်တွယ်နေပါက ကျွန်ုပ်တို့အပေါ်၌ ဘုရားသခင်ကျေးဇူးပြုချင် သလောက် ကျေးဇူးပြု၍မရ၊ ကျေးဇူးတော်ကိုလည်း ကျွန်ုပ်တို့မခံစားနိုင်ပါ။ ခါးသည်းခြင်းသဘောရှိသော သူသည် မိမိတို့ကိုယ်တိုင် ကျေးဇူးကို မခံစားရရုံမျှမက လူအများတို့ကိုလည်း အပြစ်နှင့်ညစ်ညူးစေတတ်ပါ သည်။

ထို့အတူ ရှင်ယာကုပ် *"သင်တို့စိတ်ထဲမှာ ခါး စွာသော ဂုဏ်ပြိုင်ခြင်း၊ ရန်တွေ့ခြင်း၊ ရှိလျှင်…"(ယာ၊ ၃း၁၄)*ဟု ခါးသည်းခြင်းစိတ်သဘောနှင့်ပတ်သက်၍ သတိပေးထားပါသည်။

ခါးသည်းခြင်းသဘောရှိသောသူသည် အခြားသူများအပေါ်၌ ဂုဏ်ပြိုင်တတ်သည်။ နှိမ်ချခြင်းသဘောမရှိတတ်၊ သူများအထက်၌သာ နေလိုသည်။ ထိုမျှမက ရန်တွေ့တတ်သည်။ ထိုအသက် ရှင်မှုတို့သည် ခါးသည်းခြင်း၏ဆိုးကျိုးများဖြစ်ကြပါ သည်။ အချို့သောသူများက မိမိတို့၌ရှိသော ခါးသည်း ခြင်းစိတ်သဘောကို အလေးမထား၊ ထိုစိတ်သဘော ဖြင့် အသက်ရှင်နေရသည်ကိုပင် အရသာတွေ့နေတတ် ပါသည်။ ထိုသို့ အသက်ရှင်နေရသည်ကို ကြိုက်နေ တတ်သည်။ ခါးသည်းခြင်း စိတ်သဘောသည် မိမိ ကိုယ်တိုင် ဘုရားသခင်၏ ကျေးဇူးကို မခံစားနိုင်သလို၊ အခြားသူများကိုလည်း အကျိုးမဖြစ်စေနိုင်ပါ။

ထို့ကြောင့် အသက်တာ၌ ခါးသည်းခြင်း စိတ်သဘောရှိနေပါက ထိုစိတ်သဘောကို ဆက်၍ အခွင့်မပေးဘဲ ဖယ်ရှားဖို့ရန် အားထုတ်သင့်ပါသည်။ ခါးသည်းခြင်းသဘောကို ကျွန်ုပ်တို့အသက်တာမှ မည်ကဲ့သို့ ဖယ်ရှားမည်နည်း။ ဘုရားသခင်သည် ပြဿနာတစ်ခုခုရှိနေပါက အဖြေကို အနီးအနား၌သာ ထားပေးပါသည်။ (က၊ ၄) တွင် ကာဣနနှင့် အာဗေလတို့ ညီအစ်ကိုနှစ်ယောက်သည် ဘုရားသခင် ကို ပူဇော်သက္ကာပြုရာ၌ ဘုရားသခင်သည် အာဗေလ ၏ ပူဇော်သက္ကာကို လက်ခံပါသော်လည်း ကာဣန ၏ ပူဇော်သက္ကာကို လက်မခံပါ။ ထိုအခါ ကာဣန သည် မျက်နှာပျက်သဖြင့် ဘုရားသခင်က သင်သည် အဘယ်ကြောင့် မျက်နှာပျက်သနည်း။ သင်သည် ကောင်းမွန်စွာပြုလျှင် အခွင့်မရလော။ ကောင်းမွန်စွာ မပြုလျှင် အပြစ်ဖြေသောယဇ်ကောင်သည် တံခါးနား မှာ ဝပ်လျက်ရှိ၏ဟု မိန့်တော်မူပါသည်။

ကာဣန အတွက် အပြစ်ဖြေဖို့ ယဇ်ကောင် က အနား၌သာ ရှိပါသည်။ ယနေ့ ယုံကြည်သူများ အပြစ်ဖြေခြင်းယဇ်ကိုပြုလိုပါက ကိုယ်တော်ဟု နာမတော်ကိုခေါ်၍ အပြစ်များကို ဝန်ချတောင်းပန် ပါက ကိုယ်တော်သည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ရုံသာမက ဒုစရိုက်ရှိသမျှ နှင့် ကင်းစင်စေဖို့ရန် သစ္စာတရားနှင့်ပြည့်စုံသောအရှင် ဖြစ်ပါသည်။

လေဝိရှဲတို့ခေတ်၌လည်း ပရောဖက်တို့က စား၍ရသောနွယ်ပင်များကို ပြုတ်ချက်ကြသည်။ ထို အထဲ၌ နွယ်ပင်တစ်ပင်က အဆိပ်ရှိသဖြင့် စား၍ ဘေး ရောက်ကြသည်။ ထိုအခါ လေဝိရှဲက ထိုအထဲသို့ ဂျုံမှုန့် ကို ထည့်သည့်အခါ စား၍ရသွားသည်။ ဥပါဒ်မဖြစ် တော့။ ဘာမဆို ဘုရားသခင်သည် အဖြေကို အနီး အနား၌ ထားပေးပါသည်။ အဖြေသည် ကျွန်ုပ်တို့ အဝေးကြီး၌မရှိပါ။ တွာသရေလလူတို့သည် ရေခါး၍ မသောက်နိုင်သောအခါ လူတို့သည် မောရှေကို အပြစ်တင်ကြသည်။ ထိုအခါ မောရှေသည် ထာဝရ ဘုရားကို အော်ဟစ်၍ ထာဝရဘုရားသည် သစ်ပင် တစ်ပင်ကိုပြတော်မူသဖြင့် ထိုအပင်ကိုရေထဲသို့ ချလျှင် ရေသည်ချိုလေသည်။

ထိုနည်းတူ အသက်တာ၌ရှိသော ခံစားရ သည့် ခါးသည်းသောသဘော၊ ခါးသည်း မှုများအတွက် ချိုစေသောအပင်ကား လက်ဝါးကပ်တိုင်၏ ကျေးဇူး တရားဖြစ်ပါသည်။ ခါးသည်းသော နှလုံးသား၌ ကားတိုင်၏ကျေးဇူးတရားကို ခံယူလိုက်သည့်အခါ

ထိုနှလုံးသားက ချိုမြိန်သွားမည်ဖြစ်သည်။ များသောအားဖြင့် ကျွန်ုပ်တို့က ကယ်တင်ခြင်းအပေါ်၌ ချီးမွမ်းသောအသက်ရှင်မှုလျော့သွားသောကြောင့် ခါးသည်းခြင်းသဘောရှိလာခြင်းဖြစ်သည်။ ဘုရားသခင်ပေးသောအခမဲ့ကယ်တင်ခြင်းအပေါ်၌ ကျေးဇူးတင်ခြင်းသဘောဖြင့် ချီးမွမ်းအသက်ရှင်က ခါးသည်းသောနှလုံးသား၌ ချိုမြိန်မှုရှိလာမည်ဖြစ်သည်။ နှလုံးသားချိုမြိန်ပါက အရာရာက ကြည်လို့ကောင်းလာမည် ဖြစ်သည်။ ချစ်စရာကောင်းလာမည်ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့အသက်တာကို ချိုမြိန်စေဖို့ သစ်ပင် ကလေးအနား၌ရှိနေကြောင်း ဆင်ခြင်နှလုံးသွင်းပြီး၊ သိရှိအသက်ရှင်နေကြဖို့လိုပါသည်။

ဣသရေလလူတို့သည် မာရအရပ်လွန်၍ ခရီး ဆက်ပြုကြရာ မကြာမီ ရေတွင်းဆယ်နှစ်တွင်း၊ စွန်ပလွန်ပင် ခုနစ်ဆယ်နှင့်ပြည့်စုံရာ ဧလိမ်ရွာသို့ ရောက်လာကြပြီး၊ ထိုအရပ်၌ ရေရှိရာ အနားတွင် တပ်ချကြသည်။ သဲကန္တာရထဲ၌ရှိသော အိုအေစစ်တည်းဟူသော စိမ်းလန်းစိုပြေပြီး အရိပ်ရ၍ ရေရှိသောအရပ်သို့ ရောက်လာကြပါသည်။

ကျွန်ုပ်တို့သည် နှလုံးသား ချိုမြိန်မှသာ ကြွယ်ဝပြည့်စုံသောအသက်တာသို့ ရောက်ရှိလာမည်ဖြစ်သည်။ ခါးသည်းသောနှလုံးသား ရှိသူက မည်သည့်အခါမျှ ကြွယ်ဝပြည့်စုံသော အသက်တာသို့ မရောက်ရှိနိုင်ပါ။ ချိုမြိန်သော နှလုံးသားရှိမှသာ ကျွန်ုပ်တို့ ဧလိမ်ရွာသို့ ရောက်ကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပူပြင်းခြောက်သွေ့နေသော လောကကြီးထဲ၌ အခြားသောသူများအတွက် အေးမြသောအရိပ်ကို ပေးသော၊ အိုအေစစ်ရေကို ရရှိစေသောသူများဖြစ်ကြဖို့လိုပါသည်။

ကျွန်ုပ်တို့သည် စိတ်နှလုံး၌ ခါးသည်းနေသောသူများကို ချိုစေသောသူများဖြစ်ဖို့၊ အခြားသူများက ကျွန်ုပ်တို့၏အသက်တာကို ကြည့်ပြီး စိတ်ချမ်းသာမှုရဖို့နှင့် ခွန်အားရစေဖို့ ဘုရားသခင်အလိုတော်ရှိပါသည်။ ထိုအသက်တာက ဧလိမ်ရွာသို့ ရောက်ရှိသောအသက်တာဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့အသက်တာသည် ဧလိမ်ရွာသို့ရောက်ခြင်းတည်းဟူသော ကြွယ်ဝသောအသက်တာသို့ ရောက်ရှိကြပြီလား။ မိမိတို့အသက်တာများကို ပြန်၍ ဆန်းစစ်ကြဖို့ ဖြစ်ပါသည်။

စင်္ကာပူနိုင်ငံ၌ အချို့သော ယုံကြည်သူများသည် ခဲယဉ်းစွာအသက်ရှင်နေကြရသည်။ တရားဝင်နေထိုင်ခွင့်က ကုန်နေသလို၊ စားရေးသောက်ရေးအတွက် မယုံကြည်သူများတို့၏ နာရေးအစီအစဉ်များ၌ အလုပ်သမားဝင်လုပ်ရင်း တစ်နေ့တာ ဝမ်းစာပြဿနာကို ဖြေရှင်းနေကြရသည်။ သူတို့အသက်တာက ခါးသည်းဖွယ်ကောင်းလှသည်။ ယနေ့ ကျွန်ုပ်တို့အသက်တာက ထိုသို့သော သူများ၏အသက်တာက ထိုသို့သောသူများ၏ အသက်တာကို ချိုမြိန်မှုပေးသောသူများဖြစ်ဖို့လိုပါသည်။ ကျွန်ုပ်တို့သည် သေခြင်းကမ်းမှ အသက်ရှင်ခြင်းကမ်းဖက်သို့ ကူးမြောက်ရောက်ရှိပြီ လား။ ဒါဝိဒ်ကြီးက ကယ်တင်ခြင်းနှင့်ယှဉ်သော ဝမ်း မြောက်ခြင်းဟုဖော်ပြပါသည်။ ထိုဝမ်းမြောက်ခြင်းကို ကျွန်ုပ်တို့ ခံစားရပြီလား။ စာရာသည် ဣဇက်ကို မွေးသောအခါ ထာဝရဘုရားသည် မိမိအားရယ်ရသောအခွင့်ကိုပေးပြီဟု ဆိုပါသည်။ ယနေ့ ကျွန်ုပ်တို့ သည် ဒုတိယမွေးခြင်းကို ရရှိပြီး၊ ဝမ်းမြောက်ရသော အခွင့်ကို၊ ရယ်ရသော အခွင့်ရှိပြီလား။ ကျွန်ုပ်တို့သည် သေခြင်းဘက်ကမ်း၌ သာရှိနေပါက၊ အဆုံး၌ အပါယ်ငရဲလားရမည် ဖြစ်သည်။

ထို့ကြောင့် သခင်ယေရှုခရစ်အားဖြင့် အသက်ရှင်ခြင်းကမ်းသို့ ကူးကြသောသူများဖြစ်ကြဖို့ ပြင်ဆင်သင့်ပါသည်။ စိတ်နှလုံး၌ ခါးသည်းမှုကို ခံစားနေရပါကလည်း ထိုခါးသည်းခြင်းစိတ်သဘောဖြင့် အနာဂတ်၌ အသက်မရှင်ဖို့ ယနေ့အချိန်ကာလ၌ မိမိတို့စိတ်နှလုံးကို ပြင်ဆင်ကြဖို့ လိုပါသည်။ ထိုမှ ဆက်၍ ဧလိမ်ရွာသို့ ရောက်ဖို့ရန် ချိုမြိန်ခြင်းသဘောဖြင့် အသက်ရှင်ကြပါ။ ထိုသို့ အသက်ရှင်ကြပါက ကျွန်ုပ်တို့ အသက်တာအားဖြင့် အခြားသောသူများ စိတ်ချမ်းသာကြရုံမျှမက ပူပင်သောကအောက်၌ အသက်ရှင်နေကြသောသူများလည်း အေးမြသော ခံစားမှုကိုရရှိကြမည်ဖြစ်ကြောင်း၊ မေတ္တာနှင့်အသိပေး ဝေငှလိုက်ရပါသည်။

• • • • • • • • • • • • • • • • •

# သတင်းတိုထွာ

၁။ ဂျပန်နိုင်ငံရှိ MCMF (Myanmar Christian Ministers' Fellowship) ၏ ဆင့္မအကြိမ်မြောက် အစည်းအဝေးကို ဇူလိုင်လ(၂၆)ရက်နေ့တွင် MCMC အသင်းတော်၌ပြုလုပ်ကျင်းပမည်ဖြစ်ပြီး၊ MCMF မှ ဦးဆောင်လျက် လာမည့် ၂၀၀၈ ခုနှစ် ဩဂုတ်လ(၁၇)ရက်၊ တနင်္ဂနွေနေ့ ညနေ ၆း၀၀နာရီတွင်၊ ဂျပန်နိုင်ငံရှိ ယုံကြည်သူ မြန်မာခရစ်ယာန်အသင်းတော်အသီးသီးစုပေါင်းဝတ်ပြုချီးမွမ်းကိုးကွယ်ခြင်းကို JR Sobu line, Kameido Station အနီး၊ Camellia Palaza ၌ပြုလုပ်မည်ဖြစ်ကြောင်း၊ သတင်းကောင်းသိရပါသည်။

၂။ ဟောင်ကောင်နိုင်ငံရှိ Lutheran Theological Seminary ၌ ဓမ္မပညာ (Th.D. in New Testament)ကို သင်ကြားနေသော ဆရာမ Man Hau Cing(Tahan, Kalemyo)သည် ၂၀၀၈ ခုနှစ် ဇူလိုင်လ(၁၂–၁၇)ရက်နေ့များတွင် Korea နိုင်ငံ၌ ပြုလုပ်ကျင်းပမည့် ဓမ္မညီလာခံ (Society of Asian Biblical Studies Conference)သို့ တက်ရောက်မည်ဖြစ်ကြောင်း၊ သိရပါသဖြင့်၊ ဘုရားရှင်၏ကောင်းမြတ်ခြင်းကျေးဇူးတော်ကိုချီးမွမ်းပါသည်။ *(Ref: zomi@yahoogroups.com)*

၃။ မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နေ၊ ဆရာ Thang Sian Kham (Tongsan စာစောင်၊ ပိုင်ရှင်နှင့်ထုတ်လုပ်သူ)သည် ၂၀၀၈ ခုနှစ် ဇူလိုင်လ(၃၀)ရက်နေ့မှ ဩဂုတ်လ(၃)ရက်နေ့ထိ၊ ဂျာမဏီနိုင်ငံ၊ Leipzig ၌ ပြုလုပ် ကျင်းပမည့်၊ (၁၅)ကြိမ်မြောက် ကမ္ဘာ့ နှစ်ခြင်းလူငယ်၊ ဓမ္မညီလာခံ (the 15th Baptist Youth World Conference)သို့ တက်ရောက်မည်ဖြစ်ကြောင်း၊ သိရပါသဖြင့်၊ ဘုရားရှင်၏ ကောင်းမြတ်ခြင်းကျေးဇူးတော်ကိုချီးမွမ်းပါသည်။ *(Ref: zomi@yahoogroups.com)*

၄။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့ရှိ Tedim Christian College မှ ဓမ္မဆရာ၊ ဆရာ Suan Khan Lian သည်၊ ဟောင်ကောင်နိုင်ငံရှိ Lutheran Theological Seminary မှ ဓမ္မပညာ (Th.M. in New Testament)ကို ၂၀၀၈ ခုနှစ် ဇွန်လ(၁)ရက်နေ့က "A Study of Parousia in I Thessalonians: Towards a better Understanding of the Coming again of Jesus for the Tedim People in Myanmar" စာတမ်းဖြင့်၊ အောင်မြင်စွာပြီးဆုံးခဲ့ပြီးနောက်၊ ၂၀၀၈ ခုနှစ် ဇူလိုင်လ(၁၄–၁၆)ရက်နေ့များတွင် Korea နိုင်ငံ၌ ပြုလုပ်ကျင်းပမည့် ဓမ္မညီလာခံ (Society of Asian Biblical Studies Conference)သို့ တက်ရောက်မည်ဖြစ်ကြောင်း၊ သိရပါသဖြင့်၊ ဘုရားရှင်၏ကောင်းမြတ်ခြင်းကျေးဇူးတော်ကိုချီးမွမ်းပါသည်။ *(Ref: zomi@yahoogroups.com)*

## ထပ်တူဝမ်းမြောက်ခြင်း၊

၁။ မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်းကလေးမြို့နေ (Rev. Mang Cin Thang) နှင့် ဒေါ်သန်းညွန့်(ခေါ်) Pi Cing Khan Mang တို့၏သား၊ အမေရိကန်နိုင်ငံ၊ ဗာဂျီးနီးယားပြည်နယ်နေ၊ Pa Khup Sian Lian သည် ၂၀၀၈ ခုနှစ် ဇွန်လ(၂၈)ရက်နေ့က၊ အမေရိကန်နိုင်ငံရှိ Strayer University, Virginia မှ Bachelor of Science in Business Administration ဘွဲ့ကို အောင်မြင်စွာ ဆွတ်ခူးရရှိခဲ့ကြောင်း၊ သိရပါသဖြင့်၊ ကာယကံရှင်၊ မိသားစုများနှင့်ထပ်တူဝမ်းမြောက်ရပါသည်။ Pa Khup Sian Lian သည် ဇနီးသည် Nu Nelly နှင့် သမီးတစ်ယောက်၊ သားတစ်ယောက်ရှိပြီး၊ အလုပ်တစ်ဖက်နှင့် ပညာရေးကိုကြိုးစားသင်ယူခဲ့သူဖြစ်သောကြောင့်၊ MC မှ မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

၂။ မြန်မာနိုင်ငံ၊ ချင်းပြည်နယ် ထန်တလန်မြို့နေ(Pu Za To Lian)နှင့် Pi Doi Vel တို့၏ သားထွေး ဂျပန်နိုင်ငံ တိုကျိုမြို့နေ Dr. Van Hmun Lian (B.Sc., M.Div., D. Min.) နှင့် မြန်မာနိုင်ငံ၊ စစ်ကိုင်းတိုင်း၊ ကလေးမြို့နေ အငြိမ်းစား ကျောင်းအုပ်ဆရာကြီး ဦးသောင်းဟိန် (ခေါ်) Pu Tluang Hnin နှင့် အငြိမ်းစားကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့် (ခေါ်) Pi Tum Thluai တို့၏ တစ်ဦးတည်းသော သမီး၊ ဂျပန်နိုင်ငံ တိုကျိုမြို့နေ မမိုးမိုးအောင်(ခေါ်) Ngun Hlawn Par တို့သည် ၂၀၀၈ ခုနှစ် ဇူလိုင်လ(၂၀)ရက်နေ့တွင် ဂျပန်နိုင်ငံတိုကျိုမြို့ရှိ Wedding House Ambassadeurs, Shibuya-ku ၌ Burmese Christian Fellowship ၏ သင်းအုပ်ဆရာတော် Rev. Ronald Lawm Bik မှ ဘုရားရှေ့ လူတို့ရှေ့တွင် လက်ထပ်ထိမ်းမြားမင်္ဂလာဆောင်နှင်းပေးမည်ဖြစ်ကြောင်း၊ သိရပါသဖြင့်၊ မင်္ဂလာမောင်နှံနှင့်တကွ၊ မိသားစုများနှင့်ထပ်တူဝမ်းမြောက်ရပါကြောင်း၊ MC မှ မှတ်တမ်းတင်အပ်ပါသည်။

## ထပ်တူဝမ်းနည်းခြင်း၊

၁။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့နယ်၊ မြောက်ဒဂုံ(၂၉)ရပ်ကွက်၊ နွယ်သာကီ(၁)လမ်း၊ အိမ်အမှတ်(၆၈၀)နေ၊ အငြိမ်းစား အထက်တန်းသူနာပြုဆရာမကြီး၊ ဒေါ်ဒေစီစင်ကိုဟော(ခေါ်) Pi Ciang Khaw Hau (Retd. Staff Nurse/Kyi Myin Daing Orthopaedic Hospital)၏ချစ်လှစွာသောခင်ပွန်း၊ ထိုင်းနိုင်ငံ ဘန်ကောက်မြို့နေ၊ Nu Niang Zam Lun - Pa Pome Khan Khai, အမေရိကန်နိုင်ငံ၊ Tennessee ပြည်နယ်၊ Nashville နေ Nu Dim Hau Cing - Pa Tual Khan Suan, (Lia Nuam Lam Niang), Tg. Thawng Lam Thang(USA), Lia Khup Sian Vung(Yangon)တို့၏ ချစ်လှ စွာသောဖခင်ကြီး၊ Tg. Pau Zo Tuang (USA)၏ ချစ်လှစွာသောအဖိုး၊ ချင်းပြည်နယ်၊ တီးတိန်မြို့နေ၊ Lia Zen Khaw Man, ချင်းပြည်နယ်၊ တွန်းဇံမြို့နေ Pa Nang Khan Zam - Nu Niang En Lun, Nu Zen Khan Ciin - Pa Gin Suan Mang, (Lia Man Ngaih Mang)တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ အငြိမ်းစားဆောက်လုပ်ရေး အင်ဂျင်နီယာ၊ ဦးပီတာ တွာလ်ခန့်ပေါင်(ခေါ်) Pu Tual Khan Pau (Retd. Civil Engineer)အသက်(၆၄)နှစ်သည် ၂၀၀၈ ခုနှစ် ဇွန်လ(၆)ရက်နေ့၊ ညနေ ၇း၄၅နာရီတွင် ရန်ကုန်မြို့၊ ပြည်သူ့ဆေးရုံကြီး၌ ခေါ်တော်မူခြင်း ခံရပြီဖြစ်ကြောင်း၊ သိရပါသဖြင့်၊ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း၊ MC မှ မှတ်တမ်း တင်အပ်ပါသည်။

၂။ မြန်မာနိုင်ငံ၊ ရန်ကုန်မြို့နယ်၊ မြောက်ဒဂုံနေ၊ Pu Cin Tuan - Pi Huai Khan Cing တို့၏ ချစ်လှစွာသော ပဥ္စမမြောက်သား၊ (Tg. Lut Kho Thang), Nu Zam Khan Ciin - Saya Cin Sian Mung, Lia Khoi Khan Niang, Tg. Thang Suan Ngin(Malaysia), (Tg. Tuang Za Khai)တို့၏ ချစ်လှစွာသော ညီ/မောင်၊ Tg. Kham Suan Dal, Tg. Sian Hon Thang (Schneider Electric, Singapore)တို့၏ ချစ်လှစွာသောအစ်ကို Tg. Steven Cin Lian Mang (Field Service Engineer, Schneider Electric Services, Singapore Pte. Ltd.)အသက်(၃၇)နှစ်သည် ၂၀၀၈ ခုနှစ် ဇူလိုင်လ (၁၇)ရက်နေ့ နံနက် ၀၀း၀၂နာရီအချိန်တွင်၊ စင်ကာပူနိုင်ငံ၊ Tan Tock Seng ဆေးရုံကြီး၌၊ ခေါ်တော်မူခြင်းခံရပြီဖြစ်ကြောင်း၊ သိရပါသဖြင့်၊ ကျန်ရစ်သူ မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း၊ MC မှ မှတ်တမ်းတင်အပ်ပါသည်။ ကျန်ရစ်သော ရုပ်ကလာပ်ကို ၂၀၀၈ ခုနှစ် ဇူလိုင်လ(၁၉)ရက်နေ့တွင် မီးသဂြိုဟ်ပြီး၊ အရိုးပြာကို (၂၁)ရက် တနင်္လာနေ့၌ မြန်မာနိုင်ငံသို့ ပြန်လည်သယ်ဆောင်သွားမည်ဖြစ်ကြောင်း၊ သိရပါသည်။

# ကြီးစားရှာဖွေ၍ဆုတောင်းပဌနာ ပြုကြရန်

**ဆရာဦးအောင်သက်ညွန့်**

လောကၵ္ဗ အချို့သောသူများက လောကအခြေအနေကို ကြည့်ပြီး၊ မိမိတို့ကိုယ်ကိုမိမိတို့ လျှော့တွေးကြသည်။ မိမိတို့ကိုယ်ကိုမိမိတို့ ဘာမျှမဟုတ်ဟု တွေးမှတ်ကာ သိမ်ငယ်စိတ်ထားကြသည်။ ယနေ့စာတန်က လူတို့ကို နှိမ့်ချခြင်းမဟုတ်၊ နှိမ့်ကျစွာ တွေးခေါ်စဥ်းစားစေလိုသည်။ အချို့သောသူများက အရက်သောက်ကြသည်။ အဘယ်ကြောင့် အရက်သောက်ရသနည်းဟု မေးသည့်အခါ မိမိတို့က သင်းအုပ်ဆရာမဟုတ်၊ အမှုတော်ဆောင်မဟုတ်ဟု ဆိုကြသည်။ မိမိကိုယ်ကို နှိမ့်ကျစွာတွေးသောကြောင့် စာရိတ္တပိုင်း၌ နှိမ့်ကျသွားကြသည်။ သမ္မာကျမ်းစာ၌ ယုံကြည်သူတိုင်းသည် ယဇ်ပုရောဟိတ်ဖြစ်သည်ဟု ဖော်ပြထားပါသည်။ ဘုရားသခင်သည် လောကဓါတ်နှင့်လောကအရာရှိသမျှကို ဖန်ဆင်းသည့်အခါ ဖြစ်စေဟု အမိန့်တော်တစ်ခွန်းနှင့်သာ ဖန်ဆင်းခဲ့ပါသည်။ လူကိုမူကား စေတလုံးနှင့်မဖန်ဆင်းပါ။

*"... ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်အညီ လူယောကျ်ား၊ လူမိန်းမကို ဖန်ဆင်းပြီးလျှင် အချင်းတို့ များပြားစွာမွေးဖွားကြလော့။" (က၊ ၁း၂၆-၂၈)*

ဘုရားရှင်သည် လူယောကျ်ား၊ လူမိန်းမကို မိမိပုံသဏ္ဍာန်တော်နှင့်အညီ ဖန်ဆင်းတော်မူပါသည်။ ထိုသို့ ဖန်ဆင်းပြီး ကြိုက်သလိုမနေစေပါ။ တာဝန်နှစ်ခု ပေးပါသည်။ ပထမက များပြားစွာ မွေးဖွားဖို့ဖြစ်ပြီး ဒုတိယတစ်ခုက အုပ်စိုးကြဖို့ရန် ဖြစ်ပါသည်။ လူကို တာဝန်မဲ့ဖြစ်သလို အသက်ရှင်နေထိုင်ဖို့ရန် ဘုရားသခင်က အလိုတော်မရှိပါ။

**လောကအရာတာပါမကျ်ခြင်း၏ဆိုးကျိုး**

ဘုရားသခင်သည် ကမ္ဘာကြီးကို ဖန်ဆင်းပြီးနောက် (ကမ္ဘာ၊ ၁၈) ရောက်လာသည့်အခါ မြေကြီးပေါ်၌ လူတို့သည် စိတ်နှလုံးယိုယွင်း၍ ဆိုးညစ်မှုအပေါင်းနှင့်ပြည့်နှက်နေသည်ကို တွေ့ရသည်။ ယောကျ်ားချင်းမေထုန်ပြုကြသည်။ မတရားသော အမှုကို ပြုကြသည်။ ထို့ကြောင့် ဘုရားသခင်သည် ထိုလူတို့ကို အပြစ်နှင့်အလျောက် စီရင်ဖို့ ပြင်ဆင်သည့်အခါ မိမိအဆွေဖြစ်သော အာဗြဟံအားအသိပေးပါသည်။

ထိုအခါ အာဗြဟံသည် ဘုရားသခင်အား ကိုယ်တော်သည် ဖြောင့်မတ်သောသူတို့ကို မတရားသောသူတို့နှင့်တကွ ဖျက်ဆီးတော်မူမည်လော၊ ထိုမြို့တွင် ဖြောင့်မတ်သောသူ ငါးဆယ်ရှိလျှင် ဖျက်ဆီးတော်မူမည်လောဟုဆိုလျှင် ဖြောင့်မတ်သောသူ ငါးဆယ်အတွက် ထိုမြို့ကို မဖျက်ဆီးဟု ဆိုပါသည်။ သို့သော် ထိုမြို့၌ ငါးဆယ်မရှိ၊ ထို့ကြောင့် အာဗြဟံသည် ဘုရားသခင်အား ထပ်၍ တောင်းပန်ပါသည်။ လေးဆယ့်ငါးယောက်ရှိလျှင် မဖျက်ဆီးပါနှင့်။ ထိုအရေအတွက်လည်း မရှိပါ။ တဖြည်းဖြည်းလျှော့၍ ဘုရားသခင် အား တောင်းပန်လာခဲ့ရာ နောက်ဆုံး သောဒုံနှင့်ဂေါမောရမြို့တွင် ဖြောင့်မတ်သူ ဆယ်ယောက်ပြည့်အောင်မရှိပါ။

အာဗြဟံသည် သောဒုံနှင့် ဂေါမောရမြို့ရှိ လူများ အတွက်ဘုရားသခင်ထံ၌ ဆုတောင်းရာတွင် ပေါ့ပေါ့ဆဆမတောင်းပါ။ သေချာစွာ ဆုတောင်းပါသည်။ သို့သော် ထိုမြို့၌ ဖြောင့်မတ်သူဟူ၍

လောတနှင့် သမီးနှစ်ယောက်သာရှိသည်။ လောတ မယားပင်လျှင် တပ်မက်စိတ်နှင့် နောက်ပြန်လှည့် ကြည့်၍ ဆားတိုင်ဖြစ်သွားပါသည်။ နောက်ဆုံး သောဒုံနှင့် ဂေါမောရမြို့ကို ဘုရားသခင် ဖျက်ဆီး တော်မူလိုက်ပါသည်။ ယနေ့ ဘုရားသခင်ရှေ့တော်၌ ခရစ်ယာန်တစ်ဦး၊ ယုံကြည်သူတစ်ဦးဖြစ်လာသည့် အခါ အလွန်အရေးကြီးပါသည်။ (က၊ ၁၈) မတိုင်မီက အာဗြဟံ၏အမည်မှာ အာဗြံဟု တွေ့ရပါသည်။ အဓိပ္ပါယ်မှာသေ့ခြောက်သောသူဟု ဆိုလိုပါသည်။ ထို့နောက် အာဗြဟံဟုပြောင်း၍ ခေါ် စေပါသည်။ အဓိပ္ပါယ်မှာ မင်းသားများတို့၏ဖခင်ဟု ဆိုလိုပါသည်။ အာဗြဟံ၏အသက်တာသည် ပြောင်း လဲသွားပါသည်။ လူနှင့်ဘုရားကြား၌ အယူခံဝင်ပေးနိုင်သည့် သံတမန် အဖြစ် ဘုရားသခင်၏နေရာပေးခြင်း ခံရပါသည်။ ဘုရားသခင်သည် ထိုသို့သော ယုံကြည် သူတစ်ဦးစီကို အလေးထားပါသည်။

*"မင်းတို့သည်လည်း အကောင်ကို ကိုက် ဖြတ်သော တောခွေးကဲ့သို့ ပြည်အလယ်၌ဖြစ်၍ မတရားသောစီးပွားကို ရှာသောငှါ လူအသက်ကို သတ်၍၊ သူတပါးတို့ကို သုတ်သင်ပယ်ရှင်းတတ် ကြ၏။"(ယေဇ၊ ၂၂း၂၇)။*

သမိုင်းကြောင်းကို ပြည်ကြည့်သည့်အခါ အာဟပ်ဟူသော ဘုရင်သည် ဘုရားသခင်က များစွာ ကောင်းကြီးများကို ပေးပါလျက်နှင့် မိမိနန်းတော်အနီး ရှိ နာဗုတ်၏ ဥယျာဉ်ကို လိုချင်၊ တပ်မက်သောစိတ် ဖြစ်ပါသည်။ ဘုရားသခင်ကို သိ၍ ကြောက်သဖြင့် မတရား မယူဝံ့သောကြောင့် ရောင်းဖို့ရန် ပြောသည့် အခါ နာဗုတ်က မရောင်းသဖြင့် စိတ်နှလုံးမသာယာ၊ ညှိုးငယ်နေစဉ် ခင်ပွန်းဖြစ်သူ ယေဇဗေလက စိတ်မညှိုး ငယ်ပါနှင့်။ ထိုဥယျာဉ်ကိစ္စမိမိပြုမည်ဟု ဆိုပြီး၊ နာဗုတ် အား မတရားသက်သေများကို ခန့်ထားပြီး၊ အပြစ် တင်ကာ ခဲနှင့်ပစ်သတ်စေပါသည်။

နာဗုတ်သေသောနောက် နာဗုတ်ဥယျာဉ် အား အာဟပ်မင်းကို သိမ်းယူစေပါသည်။ ထိုအမှုကို ဘုရားသခင်သည် မြင်တော်မူ သဖြင့် သင်သည် လူ့အသက်ကို သတ်၍ သူ့ဥစ္စာကို သိမ်းယူသဖြင့် ခွေးတို့သည် နာဗုတ်အသွေးကို လျက် သောအရပ်၌ သင့်အသွေးကို လျက်ကျလိမ့်မည်ဟု အာဟပ်မင်းအား မိန့်တော်မူပါသည်။ ဘုရင်တကာ တို့၏ဘုရင် ဘုရားသခင် အသက်ရှင်နေကြောင်းကို မမေ့ကြဖို့ သတိပြုပါ။

**အဝတ်ကိုမဆုတ်ဘဲ နှလုံးကိုဆုတ်၍**

*"ပရောဖက်တို့ကလည်း အရှင်ထာဝရ ဘုရား မိန့်တော်မူသည်ဟု၊ ထာဝရဘုရား မိန့်တော် မမူဘဲ၊ အချည်းနှီးသောအရာကိုမြင်၍ မုသာစကား ကို ဟောပြောလျက် သူတို့ကို အင်္ဂတေနှင့်မွမ်းမံ ကြ၏။"(ယေဇ၊ ၂၂း၂၈)။*

ယဇ်ပုရောဟိတ်များ၊ ပရောဖက်များ မှား ယွင်း၍ မုသားကားကို ပြောလျက်နေကြသကဲ့သို့ ယနေ့ မျက်မှောက်ခေတ်ကာလတွင်လည်း အမှုတော် ဆောင်များ၊ သင်းအုပ်များတို့ မှားယွင်း၍ ရှေ့တော် ၌ ဒုစရိုက်ကိုပြုနေကြသည်။ စိတ်နှလုံးယိုယွင်း၍ ဖောက်ပြန်ကုန်ကြပြီ။

*"ပြည်သူပြည်သားတို့သည်လည်း ညှဉ်းဆဲ ခြင်း၊ ထားပြတိုက်ခြင်း၊ ဆင်းရဲငတ်မွတ်သောသူတို့ကို နှိပ်စက်ခြင်း၊ တပါးအမျိုးသားတို့အား မတရားသဖြင့် ညှဉ်းဆဲခြင်းကို ပြုကြ၏။"(ယေဇ၊ ၂၂း၂၉)။*

ထိုအချိန်က ပြည်သူပြည်သားတို့သည်လည်း ညှဉ်းဆဲခြင်း၊ ထားပြတိုက်ခြင်းနှင့် အခြားသူများ အပေါ် မတရားသောအမှုပြုကြသလို၊ ယနေ့ ယုံကြည် သူများက ဆယ်ဖို့တစ်ဖို့ကို မပေးဘဲ နေကြခြင်းအား ဖြင့် ဘုရားသခင်ကိုပင် ပြန်၍ ထားပြတိုက်နေကြ သည်။ ထိုသို့သောပြည်နှင့်၊ အမှုတော်ဆောင်များ၊ ပြည်သားများကို ဘုရားသခင် မဖျက်ဆီးဖို့ရန် သူတို့ အတွက် ရပ်၍ ကိုယ်စားပြုတောင်းပန်သူ တစ်ယောက် မျှမရှိပါ။

*"ထိုပြည်ကို ငါမဖျက်ဆီးစေခြင်းငှါ ကွယ်ကာ သောသူ၊ မြို့ရိုးပျက်ပေါက်မှာရပ်၍ ဆီးတားသောသူ တစ်ယောက်ကိုမျှ ငါရှာ၍ မတွေ့။"(ယေဇ၊ ၂၂း၃၀)။*

ယနေ့ ခရစ်ယာန်များစွာတို့သည်လည်း မိမိတို့၏ သက်သာမှု၊ ကောင်းစားမှု၊ အသက်တာ၌ သာပျော်မွေ့နေကြပြီး အခြားသူများအရေးကို အလေး မထားကြ။ ဘယ်သူသေသေ ငတေမာပြီးရော ဆိုသည့် သဘောမျိုးဖြင့် အသက်ရှင်နေကြသည်။ တိုင်းပြည်

အတွက် အခြားသူများအတွက် ကိုယ်စားပြု၍ ဆုတောင်းနေသူ ဘယ်နှစ်ယောက်ရှိပါသနည်း။ သမိုင်းကြောင်း၌ ဘုရားကို ကျောခိုင်း၍ အသက်ရှင်နေကြသော မင်းများ၊ ပရောဖက်များ၊ ပြည်သားများအတွက် အဝတ်ကိုမဆုတ်ဘဲ နှလုံးကို ဆုတ်၍ ဆုတောင်းသည့်အခါ ဘုရားရှင်သည် အံ့သြဘွယ်အမှုများကို ပြုပါသည်။(ယောလ၊ ၂း၁၂-၁၄)။

ယနေ့ ယုံကြည်သူအယောက်တိုင်းသည် တိုင်းပြည်အတွက် အမှုတော်ဆောင်များအတွက် ဆုတောင်းပေးဖို့ရန် ဘုရားသခင် အလိုတော်ရှိပါသည်။ ဂျူးလူမျိုးများ အဲဂုတ္တုပြည်၌ ညှဉ်းဆဲခံနေရခြင်းကို ဘုရားသခင်သိမြင်တော်မူပါ သည်။ ပထမ၌ ဂျူးလူမျိုးများ ဒုက္ခဆင်းရဲကို ကြိုးစား၍ ခံကြသော်လည်း အဆုံး၌ မခံနိုင်ကြတော့သဖြင့် ဘုရားသခင်ကို အော်ဟစ်ကြရာ ဘုရားသခင်သည် ငါ့လူတို့၏ အော်ဟစ်ခြင်းအသံကို ငါကြားပြီဟုဆိုကာ မောရှေကို ရွေးကောက်၍ အဲဂုတ္တုပြည်ကျွန်ဘဝမှ လွတ်မြောက်စေခဲ့ပါသည်။ ဣသရေလလူတို့၏ ဆင်းရဲ ဒုက္ခကို ဘုရားသခင်ရှေးမဆွက သိမြင်တော်မူပါသည်။ သို့သော် ဣသရေလလူတို့ ဆုတောင်းခြင်းအမှုကို ပြုမှသာ ဘုရားသခင်သည် အံ့သြဘွယ်ကယ်တင်ခြင်းအမှုကိုပြုပါသည်။

ဘုရားသခင်သည် မိမိလူတို့၏ ဆုတောင်းခြင်းအမှုကို လိုလားသော ဘုရားရှင်ဖြစ်ပါသည်။ ယနေ့ ကျွန်ုပ်တို့တိုင်းပြည်ကြီးအတွက် ချမ်းသာရစေဖို့ရန် ဆုတောင်းဖို့ ဘုရားရှင်အလိုတော်ရှိ ပါသည်။ ကျွန်ုပ်တို့သည် အခြားသူများအတွက် ဆုတောင်းကြရာ၌ မိမိတို့ကို ဒုက္ခပေးသောသူများ၊ ရန်သူသဖွယ်ပြုမူသောသူများအတွက် ဆုတောင်းမပေး လိုကြ၊ ဆုတောင်းမပေးနိုင်ကြပါ။ ဣသရေလလူတို့သည် ဘုရားသခင်၏ဦးဆောင်မှုအောက်၌ အသက်ရှင်သွားလာနေကြရာမှ ပါတ်ဝန်းကျင်ကို ကြည့်ပြီး၊ ဘုရင်ရလို၍ တောင်းကြသောအခါ ရှမွေလသည် မိမိကိုမလိုလားသောသူများ၊ ဘုရားသခင်၏ ဦးဆောင်မှုကိုပယ်သောသူများအတွက် ဆုတောင်း ပေးပါသည်။

*"ငါမူကား သင်တို့အဘို့ ဆုမတောင်းဘဲ နေသဖြင့် ထာဝရဘုရားကို ပြစ်မှားခြင်းအမှုသည် ငါနှင့်ဝေးပါစေ"* (၁ရာ၊ ၁၂း၂၃)ဟု ဆုတောင်းပါသည်။ ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ရှိသော ဘုရားသခင်၏ သားဖြစ်လိုသောငှါ ရန်သူကိုချစ်ဖို့၊ ကျွန်ုပ်တို့အားနှောင့်ယှက်ညှဉ်းဆဲသောသူတို့အဘို့ ဆုတောင်းပေးကြဖို့ရန် ဘုရားသခင်က မိန့်တော်မူပါသည်။

**ကြိုးစား၍ ဆုတောင်းပဌနာပြုကြရန်**

တမန်တော်ဝတ္တုအစ၌ ယုံကြည်သူများသည် ဦးစွာ တရားမဟောပါ။ သက်သေမခံကြပါ။ အတူတကွစုပေါင်း၍ တညီတညွတ်တည်း ဆုတောင်းပဌနာပြုကြပါသည်။ (တ၊ ၁း၁၄) သမိုင်းကြောင်း၌ ရောမဘုရင်လောက် ခရစ်ယာန်များကို နှိပ်စက်ညှဉ်းပမ်းသော အစိုးရမရှိပါ။ ခရစ်ယာန်များကို လှံနှင့်အပိုင်းပိုင်း တိုက်ဖြတ်သည်။ အရှင်လတ်လတ် ခြင်္သေ့စာကျွေးသည်။ မီးနှင့်ရှို့ကြသည်။ ကွန်မြူနစ်အစိုးရပင်လျှင် ထိုမျှလောက် မရက်စက်ပါ။ ထိုအချိန်၌ ခရစ်ယာန်များ မည်သည့်အမှုကိုပြုကြပါသနည်း။ ခရစ်ယာန်များ ရောမနိုင်ငံကြီးအတွက် ဆုတောင်းကြသည်။ ထို့ကြောင့် ရောမနိုင်ငံကြီးသည် ပြောင်းလဲလာပြီး ဘုရားတရားကို အလေးထားသော နိုင်ငံကြီးဖြစ်လာခဲ့သည်။

ယနေ့ ယုံကြည်သူများသည် မိမိတို့ တိုင်းပြည်အတွက် ဆုတောင်းကြဖို့ အလွန်လိုအပ်လျက်ရှိပါသည်။ ယုံကြည်သူများ၊ ရုရှားနိုင်ငံတော်ကြီးအတွက် ဆုတောင်းသည့်အခါ ဘုရားရှင်က အံ့သြဘွယ် ငြိမ်းချမ်းမှုကောင်းကြီးမင်္ဂလာကို ဖြစ်စေခဲ့ပါသည်။ ယနေ့ ကျွန်ုပ်တို့ယုံကြည်သူများ မိမိတို့ တိုင်းနိုင်ငံအတွက် ဆုတောင်းပေးကြရာတွင် ကျမ်းစာပါဂတိတော်ကို စွဲကိုင်၍ ဆုတောင်းပေးကြဖို့လိုပါသည်။ (ရော၊ ၁၃)တွင် ဖော်ပြသည့်အတိုင်း မင်းစိုးအာဏာပိုင်များကို ကျွန်ုပ်တို့ ဆန့်ကျင်ကြဖို့ရန် မဟုတ်ပါ။ ထိုသူတို့အတွက် ဆုတောင်းပေးဖို့ ဖြစ်ပါသည်။ အုပ်ချုပ်သော မင်းများသည် ဉာဏ်ရှိသော မင်းများဖြစ်ဖို့၊ လောကကို မုန်းသောမင်းများ ဖြစ်ဖို့ ဆုတောင်းပေးကြဖို့ ဖြစ်သည်။

*"ဉာဏ်မရှိသောမင်းသည် ပြင်းစွာညှဉ်းဆဲတတ်၏။ လောဘကိုမုန်းသောမင်းမူကား၊ အသက်တာရှည်လိမ့်မည်"* (သု၊ ၂၈း၁၆)။ ထိုအပြင် မင်းများသည် ဖြောင့်မတ်သောသဘောဖြင့် အုပ်စိုးဖို့ မတရားသော

သဘောကို ရှုံ့ရှာမုန်းတီးကြဖို့ ဆုတောင်းပေးကြဖို့ လိုပါသည်။ *"ဖြောင့်မတ်သောသူတို့သည် အခွင့်ရသောအခါ ပြည်သူပြည်သားတို့သည် ဝမ်းမြောက်တတ်ကြ၏။ မတရားသောသူတို့သည် အုပ်စိုးသောအခါမူကား ပြည်သူပြည်သားတို့သည် ဝမ်းနည်းတတ်ကြ၏။"* (သု၊ ၂၉း၂)။

တဖန် ဆက်၍ ကျွန်ုပ်အတွက် ဘုရားရှင် ခန့်ထားသောမင်းများအတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းလျက် မင်းများတို့သည် တရားသဖြင့် စီရင်သောမင်းများဖြစ်ကြဖို့၊ ထိုမင်းများ သည် တံစိုးကို ရှုံ့ရှာတတ်ဖို့ ကိုယ်တော်သည်မစပါ ဟု ဆုတောင်းပါက ဘုရားရှင်ကောင်းကြီးပေးမည် ဖြစ်သည်။

*"တရားသဖြင့် စီရင်သောရှင်ဘုရင်သည် တိုင်းပြည်ကိုတည်စေတတ်၏။ တံစိုးစားသော ရှင်ဘုရင်မူကား၊ တိုင်းပြည်ကိုမှောက်လှန်တတ်၏။"*(သု၊ ၂၉း၄)။

ထို့အတူ ကျွန်ုပ်တို့ကို အုပ်စိုးသောမင်းများသည် မုသာစကားများကို နားမထောင်မိကြဖို့ ဆင်းရဲသားတို့ကို တရားသဖြင့် စီရင်သောမင်းများ ဖြစ်ကြဖို့ရန် ဆုတောင်းပေးကြပါက ကျွန်ုပ်တို့ တိုင်းပြည်ကြီးသည် မည်မျှငြိမ်းချမ်း၍ စည်ပင်လျက် သာယာဝပြောလာမည်နည်း။ ကျွန်ုပ်တို့တိုင်းပြည်ကြီးသည် ထိုသို့သော ကောင်းကြီးများကို ခံစားနိုင်ဖို့ရန် ယုံကြည်သူများ ဆုတောင်းကြဖို့ ဘုရားသခင်အလိုတော်ရှိပါသည်။

*"မိုးမရွာစေခြင်းငှါ ငါသည် မိုးခေါင်စေသော်၎င်း၊ ကျိုင်းတို့သည် မြေအသီးအနှံကို ကိုက်စားစေခြင်းငှါ ငါမှာထားသော်၎င်း၊ ငါ့လူတို့၌ ကာလနာကို စေလွှတ်သော်၎င်း ငါမှာထားသော်၎င်း၊ ငါ့လူတို့၌ ကာလနာကိုစေလွှတ်သော်၎င်း၊ ငါ့နာမဖြင့်သမုတ်သော ငါ့လူတို့သည် ကိုယ်ကိုနှိမ့်ချသဖြင့် ငါ့မျက်နှာကို ရှာလျက် ဆုတောင်းပဌနာပြု၍ အဓမ္မလမ်းကို လွှဲရှောင်လျှင် ငါသည်ကောင်းကင်ဘုံ၌ နားထောင်မည်။ သူတို့အပြစ်ကိုဖြေ၍ သူတို့ပြည်ကို ချမ်းသာပေးမည်။" (၂ရာချုပ်၊ ၇း၁၃-၁၄)။*

တိုင်းပြည်၌ ရာသီဥတုမကောင်း၊ သီးနှံပျက်၍ ကာလနာဘေးကျရောက်နေသည့်အခါ၊ ယုံကြည်သူခရစ်ယာန်များက မိမိတို့သက်သာမှုကိုသာ အလေးဂရုပြု၍ မနေကြဘဲ တိုင်းပြည်ကြီးအတွက်၊ မိမိတို့မင်းများအတွက် ကမ္ဘာကြီးတစ်ခုလုံးအတွက် ဆုတောင်းကြဖို့ရန် ဘုရားရှင်၏ မျက်နှာကိုရှာ၍ မိမိတို့၏ အတ္တသဘောနှင့် ထောင်လွှားသောသဘောကို ပယ်၍ နှိမ်ချခြင်းဖြင့် ဆုတောင်းပါက ဘုရားရှင်သည် ကောင်းကင်ဘုံက နားထောင်၍ ကျွန်ုပ်တို့၏ပြည်တော်ကို ချမ်းသာပေးမည်ဟု ဂတိတော်ရှိပါသည်။

ပြည်တော်ကြီးချမ်းသာသည့်အခါ ပြည်သားများလည်း ချမ်းသာငြိမ်သက်ခြင်း ရကြမည် ဖြစ်သည်။ သမိုင်း၌ ခရစ်ယာန်တို့၏ ခေါင်းဆောင်ပေတရုကို ရောမဘုရင်က ဖမ်းဆီးပြီး မနက်ဖြန်၌ သတ်မည့် အချိန်တွင် ယုံကြည်သူများက ရှင်ဘုရင်အား လာဘ်မထိုးပါ။ ဆန္ဒမပြပါ။ ကြိုးစား၍ ဆုတောင်းပဌနာပြုကြပါသည်။ လူ့ လမ်းစဉ်နှင့် ကြိုးစားပါက များစွာ ထိခိုက်ပျက်စီးနိုင်ပါသည်။ ဘုရားရှင်ပြုပါက အံ့သြဘွယ် အေးချမ်းငြိမ်သက်စွာ ပြဿနာများ ပြေလည်သွားမည် ဖြစ်သည်။

ပေတရုသည် နက်ဖြန်နေ့၌ အသတ်ခံရမည်ကို သိသော်လည်း ငြိမ်ဝပ်စွာ အိပ်၍ပျော်နေသဖြင့် ကောင်းကင်တမန်က ပုတ်၍ နှိုးရပါသည်။ ဘုရားသခင်ကို အမှီပြုသောသူသည် ငြိမ်သက်ခြင်း ရှိပါသည်။ ယုံကြည်သူများကြိုးစား၍ ဆုတောင်းခြင်းအမှုကြောင့် ဘုရားရှင်အံ့သြဘွယ် အမှုပြုသည့်အခါ ရောမစစ်သားတစ်ယောက်မျှ မပျက်စီးဘဲ၊ အကျဉ်းကျနေရာမှ ပေတရုလွတ်မြောက် လာပါသည်။

ယနေ့ ကျွန်ုပ်တို့ကို ဘုရားသခင် ခန့်ထားခြင်းသည် လူအမျိုးမျိုးအတွက်နှင့် မင်းအာဏာရှိသောသူများအတွက် ဆုတောင်းပေးကြခြင်းအားဖြင့်၊ ပြည်တော်ကြီးကို ချမ်းသာစေ သောသူများဖြစ်ကြဖို့ ဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ် တို့သည် မိမိတို့အတွက် တကိုယ်ကောင်း ဆန်စွာအတ္တ စိတ်နှင့် မိမိတို့၏ သက်သာမှုကိုသာ စဉ်းစား၍ အသက်မရှင်ကြဘဲ ဘုရားသခင်၏အလိုတော်နှင့်အညီ ပန်းတိုင်သို့ ရောက်ခြင်းငှါ ကြိုးစား၍ ဆုတောင်းခြင်းအားဖြင့် လျှောက်လှမ်းကြဖို့ရန် မေတ္တာနှင့် အသိပေးဝေငှလိုက်ရပါသည်။

• • • • • • • • • • • • • • • • • •

# ယုဒသန်နှင့်မြန်မာရွှေပြည်

## (အင်းဝကြိုးတိုက်ထောင်နှင့် အောင်ပင်လယ်လက်မရှိ့ထောင်တို့တွင်နေခဲ့ရသူ)

မောင်စင်ကြယ်

'ဒါကြောင့် စစ်ပြီးခေတ်ပူပူနွေးနွေးမှာ ဆရာယုဒသန်ရဲ့ နှစ်ခြင်းသာသနာဌာနချုပ်စခန်းဟာ ရန်ကုန်ကနေ 'ကျိုက္ခမီ' ကိုပြောင်းရွှေ့ခဲ့တာကိုးဆရာ'

"ကျိုက္ခမီ (Lord Amherst) ရဲ့ရှေ့ပြေးအဖွဲ့အနေနဲ့က ဦးအင်းနဲ့ ဦးရွှေဘေတို့နှစ်ဦး စတင်ထွက်ခွါခဲ့ကြပြီး ၁၈၂၆ ခု ဇူလိုင်လ(၂)ရက်နေ့မှာ ဆရာယုဒသန်နဲ့ 'အန်' တို့ အပြီးအပိုင် ပြောင်းရွှေ့ခဲ့ပါတယ်။ ကျိုက္ခမီရဲ့တည်ပုံက 'သံလွင်' မြစ်ဝနဲ့ 'ဘင်္ဂလားပင်လယ်' ရဲ့ကမ်းခြေမှာဖြစ်ပါတယ်။ ဒီတုန်းက ဗြိတိသျှရဲ့ပထမဆုံး တိုင်းမင်းကြီးက မစ္စတာကရောဖိုဒ် (Mr.Crawford)ဖြစ်ပါတယ်။ ထိုစဉ်က ကျိုက္ခမီမှာ အိမ်ခြေဆိုလို့ ၅၀ သာရှိရာ မြန်မာ၊ တရုတ်၊ အိန္ဒိယ၊ ဥရောပတိုက်သားများ အပါအဝင်ဖြစ်ကြပါတယ်"

"ဆရာယုဒသန်သည် ထောင်ကလွတ်မြောက်လာသည်မှာ လပိုင်းနှင့် ရန်ကုန်မှ ကျိုက္ခမီသို့ ပြောင်းရွှေ့လာသည်မှာ လပိုင်းမျှသာရှိနေချိန်တွင် တိုင်းမင်းကြီးကရောဖိုဒ် သည် ဆရာယုဒသန်အား အင်းဝနေပြည်သို့သွားရန် ခေါ်ဆောင်နေတော့သည်။ အိန္ဒိယဘုရင်ခံ ချုပ်သည် တိုင်းမင်းကြီးကရောဖိုဒ်အား အင်းဝသွား၍ မြန်မာဘုရင် နှင့်ကုန်သွယ်ရေးစာချုပ်တခုသွားရောက်ချုပ်စေသည်။ ဆရာယုဒသန် အနေနှင့်မူ ထောင်ကလွတ်မြောက်လာပြီးနောက် နိုင်ငံရေးနှင့်မပတ်သက်ရန် ပြတ်ပြတ်သားသားဆုံးဖြတ်ထားသည်။ 'အန်' ကလည်း ဆရာယုဒသန်အားမိမိသည် သာသနာပြုဆရာဖြစ်၍ ယခုထက်ပို၍ ဗြိတိသျှအရာရှိများအား ပို၍မဆက်ရန် သတိပေးထား၏။ သို့ရာတွင် တိုင်းမင်းကြီးကရောဖိုဒ်သည် လူတော်တစ်ဦး ဖြစ်လေရာ၊ အင်းဝနေပြည်တော်နှင့် ဗြိတိသျှပိုင်နယ် ကုန်သွယ်ရေး စာချုပ်တခုချုပ်ဆိုနိုင်လျှင် ယင်းနယ်မြေနှစ်ခုလုံး၌ လွတ်လပ်စွာ သာသနာပြုခွင့် တိုးချဲ့ဆောင်ရွက်ရန် ရည်ရွယ်ထားသည်ဟု ပြောပြလေသည်။ ဤတွင် ဆရာယုဒသန်အဖို့ မစ္စတာကရောဖိုဒ်နှင့် လိုက်ပါရန် သဘောတူရတော့သည်"

"၁၈၂၆ ခု စက်တင်ဘာ (၁)ရက်၊ 'ဒိုင်ယာနာ' မီးသင်္ဘောလေးသည်ရောဝတီမြစ်စဉ် တလျှောက်မှ အင်းဝနေပြည်တော်သို့ ဆန်တက်လာသည်။ ယင်းခရီးသည် ဆရာယုဒသန်အဖို့ အင်းဝ နေပြည်တော်သို့ စတုတ္ထအခေါက်ပင်ဖြစ်သည်။ စက်တင်ဘာ (၃၀)ရက်နေ့တွင် အင်းဝဆိပ်ကမ်းသို့ ရောက်လာလေသည်။ ဗြိတိသျှ တိုင်းမင်းကြီးနှင့်အတူ ဆရာယုဒသန် အင်းဝနေပြည်တော်သို့ ရောက်လာခြင်းကို မိတ်ဆွေအချို့ကကြိုဆိုကြပြီး အချို့က အောင်နိုင်သူ ဗြိတိသျှအရာရှိနှင့်အတူလာရကောင်းလားဆိုကာ မနှစ်မြို့ဘဲရှိကြသည်။ ယင်းအင်းဝစတုတ္ထခရီးသည် ဆရာယုဒသန်အဖို့ နောက်ပိုင်း၌ များစွာပင်ထိခိုက်နစ်နာခဲ့လေသည်။ ဆရာယုဒသန် အင်းဝနေပြည်တော်သို့ (စတုတ္ထ)ရောက်ရှိနေခိုက် 'အန်' ရုတ်တရက် ကွယ်လွန်သွားသည်။ ဆရာယုဒသန် ဗြိတိသျှအရာရှိနှင့်တွဲလာခြင်းအတွက်အခင်အမင်ပျက်စရာ ဖြစ်လာသည်။ မစ္စတာကရောဖိုဒ်အတွက် နန်းတော်နှင့်ဆွေးနွေးရာ အချက်(၇)ချက်တင်ပြ၏။ နန်းတော်မှ ကုန်သွယ်ရေးဆိုင်ရာအချက် (၄)ချက်ကိုသာလက်ခံပြီး ကုန်သွယ်ရေးနှင့်မဆိုင်သောအချက် (၃)ချက်ကို ငြင်းပယ်လိုက်လေ

သည်။ ဆရာယုဒသန်သည် ၁၈၂၆ ခု ဒီဇင်ဘာတွင် အင်းဝမှ ပြန် ထွက်လာပြီး ၁၈၂၇ ခု ဂျန်နဝါရီ(၂၄) ရက်နေ့တွင် ကျိုက္ခမီသို့ ပြန်ရောက်သည်။ ကျိုက္ခမီတွင်ကျန်ရစ်နေသော 'အန်'သည် ၁၈၂၆ ခု အောက်တိုဘာလ (၂၄)ရက်နေ့တွင် ကွယ်လွန်သွားရှာသည်"

## ကျိုက္ခမီမှမော်လမြိုင်

"ဆရာယုဒသန် ကျိုက္ခမီသို့ပြန်လည် ရောက်ရှိလာပြီး ၁၈၂၇ ခု ဧပြီလ (၁၇) ရက်နေ့ နောက်ပိုင်း ထားဝယ်နယ်၌ ထူးထူး ချွန်ချွန်တာဝန်ယူခဲ့သည့် မစ္စတာဘိုဒ်မင်း ဇနီးမောင်နှံရောက်ရှိလာသည်။ မကြာမီ မော်လမြိုင်သည် ကျိုက္ခမီထက်ပိုမိုစည်ကားလာသည်။ မစ္စတာဘိုဒ်မင်းလည်း မော်လမြိုင်၏ ဌာနခွဲတာဝန်ခံဖြစ်လာသည်။ မစ္စတာကရောဖိုဒ်သည် သံတမန်ဆိုင်ရာ ရာထူးတခုဖြင့် ပြောင်းရွှေ့သွားသော အခါ ဗိုလ်ချုပ်ကင်းဘဲလ်သည် တနင်္သာရီတိုင်းမင်းကြီးဖြစ်လာသည်။ တိုင်းမင်းကြီးကင်းဘဲလ်သည် ကျိုက္ခမီတွင် ရုံးမထိုင်ဘဲ မော်လမြိုင်တွင်ရုံးထိုင်သည်။ ယခင် တံငါရွာကလေးကို တပ်စခန်းအဖြစ်ရွေးချယ်ခဲ့သော 'မော်လမြိုင်'သည် နေ့ချင်းညချင်း စည်ကားလာတော့သည်"

"မော်လမြိုင်သည် ယိုးဒယား(ထိုင်း)နိုင်ငံနှင့် အဝင်အထွက် ဖြစ်သည်။ ရေလမ်းမှ 'သံလွင်'မြစ်၊ 'ဂျိုင်း'မြစ်၊ 'အတ္တရံ'မြစ်၊ မြစ်သုံးဝပေါင်းဆုံသည်။ အောက်ဘက်နားတွင် 'မုတ္တမ'မြစ်နဲ့ 'ကျိုက္ခမီ'မြစ်တို့လည်းရှိကြသည်။ သာသနာပြုဆရာ 'ဂျေ–အမ်ဟက်စ်ဝဲလ်'သည် မော်လမြိုင်မြို့ကို မွန်ဘာသာ အမည်ဟောင်း၏ဒဏ္ဍာရီတွင် အောက်ပါအတိုင်း ရေးသားထားကြောင်း၊ မော်လမြိုင်ကိုမွန်ဘာသာဖြင့် 'မော့မွာလမ်'(Mot-Mua-Lum)ဟုခေါ်သည်။ အဓိပ္ပါယ်မှာ'မျက်စိ'တဖက်ဖျက်ဆီးခံရခြင်းဖြစ်သည်။ တခါက မော်လမြိုင်၌စံမြန်းသောဘုရင်၌ မျက်စိသုံးလုံးရှိ၏။ အလယ်တွင်ရှိသော 'တတိယမျက်စိ'သည် နတ်မျက်စိလို ဘာကိုမဆိုမြင်ရ၏။ ယင်းကို ထိုင်းနိုင်ငံရှိဘုရင်ကြီးက သမီးတော်အား မော်လမြိုင်ဘုရင်ထံစေလွှတ်၍ တတိယမျက်လုံးအား ဖောက်ယူဖျက်ဆီးပစ်လိုက်သည်ဟု မစ္စတာဟက်စ်က ရေးသားထားလေသည်"

"မော်လမြိုင်မြို့ဟာ ဗြိတိသျှလက်ထက်က တိုင်းမြို့ ရုံးစိုက်ရာ ဖြစ်သလိုသီပေါဘုရင်ရဲ့နောက်ပိုင်း မွန်၊ မြန်မာ၊ ရှမ်းတွေရဲ့ ဗုဒ္ဓဘာသာထွန်းကားရာ မြို့ကြီးလည်းဖြစ်ပါတယ်။ 'ဒလ'ဘက်က ဆုတ်ခွါလာရတဲ့ ဦး'မွန်ထော်လေး'၊ သီပေါမင်းနန်းရတော့ မော်လမြိုင်ကို ထွက်ပြေးလာတဲ့'မင်းတုံး'ဘုရင်ရဲ့မိဖုရား 'စိန်တုံးမိဖုရား'၊ ဗန်းမော်ဆရာတော်၊ ကနောင်မင်းသားကြီးရဲ့ သားတော် 'လင်းပင်မင်းသားကြီး'တို့ရဲ့ကောင်းမှုတွေဟာ'ကျိုက်သံလံ'တောင်ထိပ်က'ဝဇီရာ ရာမကျောက်တိုက်'အပါအဝင် ဖြစ်ကြပါတယ်။

ဒါနဲ့ပတ်သက်ပြီး ၁၉၀၇ ခုနှစ်မှာ စာပေနိုဘဲလ်ဆုရတဲ့ ဗြိတိသျှစာရေးဆရာကြီးရုယဒ်ကစ်ပလင် (Rudyard Kipling)က အိန္ဒိယမှာနေထိုင်ပြီး နေမကောင်းလို့ ၁၈၈၉ ခုနှစ်မှာ လန်ဒန် ပြန်လာစဉ် ဒီကျိုက်သံလံတောင်ပေါ်ကိုရောက်ခဲ့ပါတယ်။ သူက မော်လမြိုင်ရဲ့မြောက်ဘက် မိုင် ၂၀ ကွာမှာရှိတဲ့ 'ဇွဲကပင်'တောင်ကိုကြည့်ပြီး ထိုစဉ်က 'ယောဒ့်မြို့စားနှာခေါင်း'လို့ တင်စားပြောပါ တယ်။ သူဟာမန္တလေးနဲ့ ရန်ကုန်ရွှေတိဂုံစေတီတော်ကို မရောက်ဘူးပေမင့် 'မန္တလေး' အမည်ရှိတဲ့ကဗျာကို ရေးဖွဲ့ခဲ့ပါတယ်။ အထူးသဖြင့် ဆရာယုဒသန်ရဲ့တပည့်တွေအနက်က 'ဦးနော'လိုပဲ နာမည်ကြီးတဲ့ လူဆိုးဓါးပြ 'ကိုသာဖြူ'ကို ဦးရွှေဘေမှတဆင့် ဆရာယုဒသန်က မော်လမြိုင်မှာကယ်တင်ခဲ့တာဖြစ်ပါတယ်"

## သံလွင်၊ ဇွဲကပင်နဲ့ ဒေါနတောင်

'ခုလိုသိရတာတွေ ကျေးဇူးတင်ပါတယ်ဆရာ၊ ကျနော်က ကရင်ပြည်နယ်"ရွှေဂွန်း"သားဆိုတော့ ဆရာယုဒသန် ကျနော်တို့နယ်ဘက်ရောက်ခဲ့တာလည်း သိပါရစေဆရာ'

"ဆရာယုဒသန်အနေနဲ့ ကရင်မှ ကချင်မှ ခရစ်ယာန်သာသနာထဲဝင်စေတာမဟုတ်ပါဘူး။ မူလသူထွက်လာကတည်းက ကမ္ဘာ့အရှေ့ဘက်တနေရာဖြစ်ပါတယ်။ ဖြစ်နိုင်ရင်တော့ ဆရာယုဒသန်မှ မဟုတ်ပါဘူး၊ ဘရင်ဂျီဘာသာဘုန်းတော်ကြီး 'ဘိဂင်းဒတ်'ပဲဖြစ်ဖြစ်၊ အင်္ဂလီကန်ကဘုန်းတော်ကြီး 'ဒေါက်တာမှတ်'ပဲဖြစ်ဖြစ်၊ ဘုရင်မင်းမြတ်နဲ့နီးနီးနားနား နေပြည်တော်မှာ နေချင်ကြသူချည်းပါပဲကွယ်၊ ဒါကြောင့် ဆရာ

ယုဒသန်အနေနဲ့ ရန်ကုန်က အင်းဝနေပြည်တော်ကို သုံးခေါက်သွားခဲ့တယ်။ တခါ ကျိုက္ခမီကို ပြောင်းရွှေ့လာပြီးမှ စတုတ္ထအခေါက် အင်းဝကိုသွားခဲ့ပြန်တယ်။ နောက်ဆုံးမှာ မတတ်သာတဲ့အဆုံး ကျိုက္ခမီနဲ့ မော်လမြိုင်မှာ သာသနာစခန်းချရပ်ရင်း ကရင်ပြည်နယ်က ကရင်တွေဆီ ဆရာယုဒသန် လေးခေါက်တိတိ ရောက်ခဲ့တာဖြစ်ပါတယ်"

'ဒီကိစ္စတော့ နားလည်ပါပြီဆရာ'

"လူတိုင်းအဖို့ အကောင်းနဲ့အဆိုးဟာဒွန်တွဲနေသလို ဆရာယုဒသန်အတွက်လည်း ဒွန်တွဲနေပါတယ်။ ကျိုက္ခမီနဲ့မော်လမြိုင်ကို ပြောင်းရွှေ့လာပြီးတဲ့နောက် အင်းဝသွားနေစဉ် 'အန်'ဆုံးပါးသွားတယ်။ 'အန်'ဆုံးလို့မကြာခင် အင်းဝမှာ ဒုက္ခတွေနဲ့ မွေးဖွားခဲ့တဲ့ သမီးလေး'မာရီယာ'ဆုံးတယ်။ 'အန်'နဲ့ 'မာရီယာ'တို့ဟာ ထိုစဉ်က ကျိုက္ခမီမှာရှိတဲ့ 'သင်ကန်းပင်ကြီး'အောက်မှာပဲ မြေမြှုပ်ခဲ့ကြရတယ်။ တဘက်မှာတော့ တိုင်းမင်းကြီးအသစ်ဖြစ်လာတဲ့ ဗိုလ်ချုပ်ကင်းဘဲလ်က သူ့ရဲ့စစ်တပ်တည်ရာနဲ့ သုံးမိုင်ခန့်သာဝေးကွာပြီး သံလွင်မြစ်ကိုမျက်နှာမူထားတဲ့ မော်လမြိုင်မြို့ဟောင်းရဲ့အစွန်မှာရှိတဲ့မြေကွက်လပ်ကို ဆရာယုဒသန်အားပေးပါတယ်။ နောင်အခါမှာတော့ အဲဒီမြေကွက်မှာ ယောက်ျားလေး အထက်တန်းကျောင်း(ခေါ်)'ဂျဒ်ဆင်'အထက်တန်းကျောင်းဖြစ်လာပါတယ်။ ဆရာယုဒသန် လွတ်လွတ်လပ်လပ် ကရင်ပြည်နယ်အတွင်း သွားလာနိုင်စေရန် ထိုစဉ်က အထောက်အပံ့ပေးကြတဲ့ လက်ထောက်တွေကတော့ ဘိုဒ့်မင်းဇနီးမောင်နှံနဲ့ မစ္စတာဝိတ်တို့ ဇနီးမောင်နှံတို့ပဲဖြစ်ကြပါတယ်"

"ကရင်လူမျိုးများအား ဦးစွာသာသနာပြုသူမှာ မစ္စတာဘိုဒ့်မင်းဇနီးမောင်နှံဖြစ်၍ ကရင်လူမျိုးများအား ဦးစွာစာပေတီထွင်ပေးသူမှာ ဒေါက်တာဝိတ်ဖြစ်သည်။ ဒေါက်တာဝိတ် သည် ကရင်လူမျိုးများအား သာသနာပြုရန် ကြိုတင်ပြင်ဆင်သော အနေနှင့် ကရင်စကားကို ကောင်းမွန်စွာပြောဆိုတတ်သော မွန်လူမျိုးများအနက်မှ 'နိုင်ဒုတ်'၊ 'နိုင်မြတ်ကျော်'၊ 'နိုင်ဖူးသီး' တို့အား ကရင်ဒေသဆီသို့ ဦးစွာစေလွှတ်ထားလေသည်။ ကရင်လူမျိုးတို့၏ဒေသမှာ မော်လမြိုင်မြို့၏မြောက်ဘက်နှင့် သံလွင်မြစ်၏ အနောက်ဘက်ကမ်းခြေတလျှောက် 'ဂျိုင်းမြစ်'၏တောင်ဘက်တွင်ရှိ၍ 'ဒါဂျိုင်းမြစ်'အရှေ့ဘက်ခြမ်းတွင်တည်သည်။ 'ဒေါန' တောင်တန်း၏ ထူးခြားမှုမှာ မြန်မာနိုင်ငံနှင့်ထိုင်း (ယိုးဒယား)နိုင်ငံတို့အား ပြတ်ပြတ်သားသားခြားကာ ပေးထားခြင်းပင်ဖြစ်သည်။ ဤအရပ် ဤဒေသတွင် အများစုနေထိုင်ကြသူများမှာ ပိုးကရင်၊ စကောကရင်နဲ့မွန်အချို့၊ ပအိုဝ့်အချို့နှင့် သံလွင်မြစ်၏အနောက်ဘက်ကမ်းတွင် ရှမ်းလူမျိုးနှင့် မြန်မာလူမျိုးများ နေထိုင်ကြသည်။ ကရင်လူမျိုးများနေထိုင်ရာဒေသတွင် ငှက်ဖျားရောဂါထူပြောလျက် ကျားအပါအဝင် သားရဲတိရစ္ဆာန်များ ကြောက်မက်ဖွယ်ကောင်းလှသည်"

"ယင်းဒေသများဆီသို့ ၁၈၃၁ ခုနှစ် စက်တင်ဘာလ မိုးရာသီတွင် ဆရာယုဒသန် ပထမဆုံးအခေါက်ခရီးနှင်ရာ မော်လမြိုင် မှငါးရက်ခရီးဖြစ်သော လှိုင်းဘွဲ့မြစ်(ဝါ) ဒါဂျိုင်းမြစ်စဉ် တလျှောက် ဖြစ်သည်။ ခရီးမိုင်အားဖြင့် မိုင်ပေါင်း ၈၀ အထိရှိခဲ့သည်။ လူးလူးလှိမ့်လှိမ့်လှေဖြင့် တချောင်းဝင်တချောင်းထွက်ဖြင့် ခရီးဆက်ရာတွင် ရွာစဉ်ရှာမတွေ့သောအခါ ကျားဆိုးရန်ကြောင့် ကုန်းပေါ်မအိပ်ရဲဘဲ လှေပေါ်တွင် အိပ်ရသည်။ ဆရာယုဒသန်၏ ကရင်တပည့်သုံးဦးမှာ 'စောတောနာ'၊ 'စောမန်းလား'နှင့် 'စောချစ်သိုင်း' တို့ဖြစ်ကြသည်။ ၁၈၃၂ ခု ဂျန်နဝါရီလ နွေရာသီတွင် ဆရာယုဒသန် ကရင်ဒေသသို့ ဒုတိယခရီးအဖြစ် ရောက်ပြန်သည်။ ထိုအချိန်က မော်လမြိုင်မှ ဂျိုင်းမြစ်၏အရှေ့ဘက်နှင့် ဒါဂျိုင်းမြစ်၏မြောက်ဘက်ဆီသို့ လာခြင်းဖြစ်သည်။ ထိုစဉ်က ကရင်ရွာများဆီသို့ တိုင်းရင်းသားတပည့် (၂၇) ဦးပင် ရောက်ရှိနေကြ၏။ သူတို့သည် 'နယူးဗီလ်း' ခေါ် 'ဝိတ်ဗီလ်း' အမည်ရှိ ရွာသစ်ကလေးကို လုပစွာဆောက်လုပ်ခဲ့ကြသည်။ ယင်းအမည်မှာ ဒေါက်တာ'ဝိတ်'အားဂုဏ်ပြုခေါ်ဆိုခြင်းဖြစ်သည်။ 'ဝိတ်ဗီလ်း'၏တည်ပုံမှာ ဒါဂျိုင်းမြစ် အနောက်ဘက်ကမ်းနှင့် 'ပန်ကရောင်'ချောင်း၏ အောက်ဘက်နားတွင်ဖြစ်သည်။ ဒါဂျိုင်းသည် လှိုင်းဘွဲ့ချောင်းမှတဆင့် သံလွင်မြစ်အနောက်ဘက်ကမ်းသို့ပေါင်းစီးဝင်သွားခြင်းဖြစ်သည်"

"ဆရာယုဒသန်နဲ့အဖွဲ့သည် 'ကွမ်ဘိ' ကိုရောက်ရန် ခက်ခက်ခဲခဲဖြင့်ဆန်တက်ခဲ့ရသည်။ ချောင်းရိုးများတွင် ခုတ်လှဲထားသော သစ်ပင်သစ်ကိုင်းများကိုရှင်းလင်းရသည်။ ကွမ်ဘိရောက်လျှင် စီးလာသောလှေကိုပြန်လွှတ်လိုက်ပြီး၊ သံလွင်မြစ်စဉ်တလျှောက် 'ကပ္ပလီ'ရွာအရောက် ဆန်တက်ရန် ဖြစ်သည်။ ကွမ်ဘိနဲ့ကပ္ပလီရွာသည် များစွာမဝေးလှ၊ နီးကပ်၍နေ၏။ ခရီးစဉ်အရ ကပ္ပလီရွာရောက်လာမည့် လှေကို ကွမ်ဘိသို့ မိမိအစီအစဉ်ဖြင့် စီးရန်ဖြစ်သည်"

'ခဏဆရာ၊ အဲဒီကပ္ပလီရွာဟာ ကျနော့်ဇနီးသည် နန်းစိန်ငွေတို့ရွာလည်းဖြစ်တယ်။ ပြီးတော့ဆရာ၊ လွတ်လပ်ရေး အကြိုခေတ်က ဗိုလ်ချုပ်အောင်ဆန်း ရောက်လာတဲ့ ကပ္ပလီရွာပါပဲဆရာ'

"အဲဒီကွမ်ဘိမှ ကပ္ပလီရွာကို ခြေလျင်လျှောက်လာရာ ပထမ 'ထီးပါး'တို့ရွာ၊ ပြီးလျှင် 'လူးလူး'တို့ရွာသို့ အစဉ်လိုက် ရောက်လာသည်။ နောက်တနေ့တွင် ထီးပါးတို့ရွာမှခရီးဆက်လာရာ သံလွင်မြစ်ကမ်းခြေသို့ရောက်လာသည်။ သံလွင်မြစ်၏ 'ယွန်းဇလင်း ချောင်း'အပိုင်းအခြားမှာ ဗြိတိသျှ–မြန်မာ စစ်ပြေငြိမ်းရေးစာချုပ် ချုပ်သည့် နယ်နိမိတ် အပိုင်းအခြားဖြစ်လေသည်။

ထိုမှ ခရီးဆက်လာရာ 'ကော့လွန်း'ကျွန်း အနီးရှိ'မိုအား'ရွာသို့ ရောက်လာသည်။ ထိုအချိန်တွင် သံလွင်မြစ်ကြောင်းအတိုင်း ပြန်လည်ဆန်တက်လာသည့် လုံးထွင်းလှေကြီး ရောက်လာသည်။ ထိုရွာမှ ဆက်လက်ထွက်ခွါလာရာ ကျယ်ပြောလှသည့် ကော့လွန်းကျွန်းအား သုံးရက်တိတိ ကွေ့ပတ်ဖြတ်ကျော်ပြီးမှ ယွင်းဇလင်းချောင်းဝသို့ ရောက်လာသည်။ 'ချွန်ဖရာ'ရွာ၏ အထက်သုံးမိုင်ကွာတွင် ချွန်ဖရာချောင်းသည် သံလွင်မြစ်ထဲစီးဝင်သည်။ ချွန်ဖရာနှင့်မော်လမြိုင်ကား မိုင် ၅၀(ငါးဆယ်) ဝေးကွာလေသည်"

"ဆရာယုဒသန်သည် မော်လမြိုင်သို့ အပြန်ခရီးတွင် သံလွင်မြစ်ကြောင်းအတိုင်းစုန်ဆင်းလာသည်။ သံလွင်မြစ်စဉ် တလျှောက်တွင် ကရင်ရွာ၊ မွန်ရွာ၊ ပအိုဝ့်ရွာသီးခြားစီနှင့် အသီးသီးရှိကြသည်။ ယင်း ဒုတိယအခေါက်ခရီးတွင် ဆရာယုဒသန်အဖို့ မော်လမြိုင် ပြန်ရောက်သည်အထိ သီတင်း ၆ ပါတ်ကြာလေသည်။

**ဆရာယုဒသန်နှင့်အိမ်ထောင်ရေး**

'ဆရာယုဒသန်ရဲ့အိမ်ထောင်ရေး အခြေအနေလည်း ပြောပြပါဦးဆရာ'

"သာသနာစခန်း မော်လမြိုင်တွင်ရှိစဉ် အောင်မြင်မှုအရှိဆုံးမှာ ဘိုဒ့်မင်းဇနီးမောင်နှံစခန်းပင်ဖြစ်သည်။ သို့ဖြစ်၍ မစ္စတာဘိုဒ့်မင်း ကွယ်လွန်သွားသောအခါ ဆရာယုဒသန်အနေနဲ့ များစွာစိတ်မကောင်း ဖြစ်ရသည်။ မစ္စစ်ဘိုဒ့်မင်းသည်ခင်ပွန်းသည်နှင့် ရင်ဘောင်တန်း၍ အလုပ်လုပ်သူလည်းဖြစ်သည်။ ဆရာယုဒသန်သည် မစ္စတာဘိုဒ့်မင်းကွယ်လွန်သောအခါ မစ္စစ်ဘိုဒ့်မင်းထံ စာရေးသား၍ အားပေးရှာသည်။ ဤသို့ဖြင့် ဘိုဒ့်မင်းတွင် ကျန်ရစ်ခဲ့သော လူမမယ်ရင်သွေးငယ်'ဂျော့ချ်'ကို ဆရာယုဒသန်အနေနှင့် သားအဖြစ် တရားဝင်ခေါ်ယူမွေးစားလေသည်"

"ဆရာယုဒသန်လက်ထက် သာသနာပြုရင်း၊ မိမိ၏အသက်ကိုစွန့်လွှတ်သွားသူနှစ်ဦးမှာ 'ထားဝယ်' နယ်သာသနာစခန်းမှ မစ္စတာဘိုဒ့်မင်းနှင့် ရန်ကုန်ပဲခူးနယ် သာသနာစခန်းမှ မစ္စတာ'ဗင်တန်'တို့ပင်ဖြစ်ကြသည်။ မစ္စတာဘိုဒ့်မင်းသည် အသက်အရွယ်ကလည်းရလာ၊ ကျန်းမာရေးကလည်း မကောင်းတဲ့ကြားကထားဝယ်နယ်ကရင်များထံသွားရောက်ရင်း ကရင်ရွာမှာပင် ကွယ်လွန်ခဲ့သည်။ ထို့နည်းတူပင် မစ္စတာဗင်တန်သည်လည်း ပဲခူးတောတွင်းတလျှောက်တွင် အတိဒုက္ခမျိုးစုံရောက်နေသော ကရင်များအား ရန်ကုန်အတွင်းသို့ခေါ်ဆောင်လာသည်။ သူ၏ အသက်အရွယ်နဲ့ ကျန်းမာရေးမကောင်းတော့သည့်ကြားက ပဲခူးနယ်သို့ဆင်စီးသွားရင်း ကွယ်လွန်ခဲ့ရှာသည်"

"ဘိုဒ့်မင်းဇနီးမောင်နှံအား အားဖြည့်ရန်အတွက် ထားဝယ်နယ်သို့နောက်ထပ်ရောက်လာသူနှစ်ဦးမှာ 'ဖရန်စစ်မေဆင်'ဇနီးမောင်နှံပင်ဖြစ်သည်။ ဖရန်စစ်မေဆင်သည် နောက်ပိုင်း၌ ရန်ကုန်မြို့ရှိ 'ကူရှင်ကျောင်းနဲ့ 'ဂျဒ်ဆင်ကောလိပ်'တို့အပြင် စာအုပ်စာတမ်းများစွာကို ရေးသားခဲ့သူလည်းဖြစ်ပေသည်။ ထိုအချိန်တွင် ဆရာယုဒသန်သည် 'အန်'

သတိပေးခဲ့သည်များကိုအမှတ်ရပြီး ဗြိတိသျှမင်းစိုးရာဇာများနှင့် ပေါင်းသင်းဆက်ဆံရေးကို ဖြတ်တောက်ပစ်လိုက်သည့်အပြင် မိမိအားချီးမြှင့်မည့် 'ဘရောင်းတက္ကသိုလ်'က ဒေါက်တာဘွဲ့ကိုလည်း လက်ခံတော့မည် မဟုတ်ကြောင်း အကြောင်းပြန်လိုက်သည်။ အထူးသဖြင့် မိမိကိုယ်ကိုပြန်လည် ဆန်းစစ်ပြီး 'အင်ဒိုပါး' တက္ကသိုလ်ကျောင်းသားဘဝတွင် ကျင့်ကြံခဲ့သော 'သူတော်စင်ဘဝ၏လျှို့ဝှက်ချက်'အတိုင်း ဘုရားသခင် မကြိုက်နှစ်သက်သော အရာများကို ရှောင်ကြဉ်ရန် ထပ်မံအဓိဋ္ဌာန် ပြုလိုက်၏"

"၁၈၃၄ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် ဆရာယုဒသန်အနေနဲ့ ထားဝယ်နယ်သို့သွားရန် အကြောင်းကဖန်လာသည်။ ထိုအချိန်က ထားဝယ်နယ် သာသနာရေးတာဝန်ခံမှာ ဖရန်စစ်မေဆင် ဇနီးမောင်နှံဖြစ်၍ မုဆိုးမ မစ္စစ်ဘိုဒ်မင်းမှာပညာရေးဘက်တွင် လုံးပမ်းနေလေသည်။ ဘိုဒ်မင်း၏ပညာရေးအောင်မြင်မှုကို ဗြိတိသျှများပင် လိုက်မမီတော့၍ မစ္စစ်ဘိုဒ်မင်း၏စာသင်ကျောင်းများအတွက် ပညာရေး ထောက်ပံ့မှုကို ပေးရတော့သည်။ ထိုအချိန်၌ ဆရာယုဒသန်အဘို့ ဇနီးသည်'အန်'ကွယ်လွန်ခဲ့သည်မှာ (၈)နှစ်ရှိပြီး မစ္စစ်ဘိုဒ်မင်းအတွက်လည်း ခင်ပွန်းသည် ဘိုဒ်မင်း ကွယ်လွန်ခဲ့သည်မှာ(၃) နှစ်ရှိပြီဖြစ်သည်။ သို့ဖြစ်၍ ဆရာယုဒသန်နှင့် မစ္စစ်ဘိုဒ်မင်းတို့သည် ဆရာယုဒသန် ထားဝယ်နယ်သို့ရောက်၍ (၄)ရက်အကြာတွင် နှစ်ဦးသားလက်ထပ်လိုက်ကြသည်။ ဆာရာဘိုဒ်မင်းသည် ဆရာယုဒသန်၏ ဒုတိယအိမ်ထောင်ပင်ဖြစ်သည်"

'ဟုတ်ကဲ့ပါဆရာ၊ ဆရာယုဒသန်အတွက် ဒုတိယအိမ်ထောင်ကနေပြီး၊ တတိယအိမ်ထောင်ရော ရှိပါသေးသလားဆရာ'

"အမေရိကားကိုပြန်ကြရင်း ဆာရာဘိုဒ်မင်း (မစ္စစ်ဘိုဒ်မင်း) ရုတ်တရက်ကွယ်လွန်သွားတော့ ဆရာယုဒသန်အတွက်အမေရိကားမှာ အများသဘောတူတဲ့ စာရေးဆရာမ မစ္စစ်'အယ်မီလီချူဘတ်'ကို တတိယမြောက်အိမ်ထောင်ဘက်အဖြစ်နဲ့ ယူရပြန်တယ်လေ"

'ဟုတ်ကဲ့ဆရာ၊ နားထောင်ပါရစေ'

"၁၈၃၈ ခု ဩဂုတ်လ ၈ ရက်နေ့သည် ဆရာယုဒသန် အသက်ငါးဆယ်ပြည့်သောနေ့ပင်ဖြစ်သည်။ ဘဝတူသာသနာပြု ဆရာများ၏တောင်းဆိုချက်အရ ဆရာယုဒသန်သည် အင်္ဂလိပ်–မြန်မာ (မြန်မာ–အင်္ဂလိပ်)အဘိဓါန်ကို အောင်မြင်စွာအပြီးသတ်နိုင်ခဲ့သည်။ အဘိဓါန်ပုံနှိပ်ရေးလုပ်ငန်းကိုတော့ ၁၈၅၂ ခုနှစ်တွင်မှ ပုံနှိပ်ထုတ်ဝေနိုင်ခဲ့သည်။ ဆရာယုဒသန်သည် ၁၈၁၃ ခု အမေရိကားမှ ထွက်ခွါလာကတည်းက ဇာတိသို့ပြန်မရောက်သူဖြစ်၍ ဇနီးသည် ဆာရာဘိုဒ်မင်းနှင့်အတူ ဆေးဝါးကုသရင်း အမေရိကားသို့ ပြန်လာသည်။ သို့ရာတွင် 'အတ္တလန်တိတ်သမုဒ္ဒရာ'ကို ကျော်ဖြတ်လာစဉ် ပထမကောင်းမွန်လျက်ရှိရာမှ ရုတ်တရက်နေမကောင်း ဖြစ်လာပြီး ဆာရာဘိုဒ်မင်းမှာ ကွယ်လွန်သွားလေသည်။ အတ္တလန်တိတ် တောင်ပိုင်းရှိ 'စိန့်ဟယ်လီနာ'ကျွန်းကလေးပေါ်၌ ဆာရာ၏ အလောင်းကို မြှုပ်နှံခဲ့ရလေသည်။ 'အန်'နှင့် 'ဆာရာ' တို့သည် ဆရာယုဒသန်အဘို့ များစွာအကူအညီရသော ဇနီးများပင် ဖြစ်ကြပေသည်"

"ဇာတိမြေတွင်ဆေးဝါးကုသရန်ပြန်လာစဉ် ဆရာယုဒသန်အား ဆွေမျိုးများနှင့် မိတ်ဆွေများက သောင်းသောင်းဖျဖျ ကြိုဆိုကြသည်။ ဆရာယုဒသန် အဘို့ လည်ချောင်းနာသည့်ဝေဒနာကိုပင် ကောင်းစွာမကုသနိုင်ဘဲရှိလေသည်။ ဆွေမျိုးများနှင့် မိတ်ဆွေများက ဆရာယုဒသန်၏အထီးကျန်ဘဝကို မရှုရက်နိုင်သောကြောင့် ထက်မြက်သောစာရေးဆရာမ မစ္စစ်အယ်မီလီချူဘတ်နှင့်ဆက်သွယ်ပေးကြ၏။ အယ်မီလီချူဘတ်သည် စာရေးသောအခါတွင် 'ပင်နီဖော်ရက်စတား'ကလောင်အမည်ဖြင့်ရေးသား၏။ စာရေးဆရာမသည် ဆရာယုဒသန်၏ဘဝကို နားလည်သောကြောင့် ဆွေမျိုးများ စီစဉ်သည့်အတိုင်းလိုက်နာသည်။ 'ပင်နီဖော်ရက်စတား'ကလောင်အမည်ရှိ မစ္စစ်အယ်မီလီချူဘတ်သည် ဆရာယုဒသန်၏ တတိယမြောက်ဇနီးသည်ပင်ဖြစ်လာလေသည်"

"ဆရာယုဒသန်သည် ဇာတိမြေ၌ ဆေးဝါးကုသပြီး မြန်မာနိုင်ငံသို့ ဇနီးသည်အယ်မီလီချူဘတ်နှင့်အတူပြန်လာရာ ၁၈၄၆ ခု နိုဝင်ဘာ (၃၀) ရက်၊ ရက်ပေါင်း (၁၄၀)ထိ ပင်လယ်ထဲ၌နေခဲ့ရသည်"

(ဆက်လက်ဖော်ပြပါမည်။)

# စာမူများဖိတ်ခေါ်ခြင်း၊

**မြန်မာခရစ်ယာန်** စာစောင်တွင် နိုင်ငံရေး၊ လူမျိုးရေး၊ ပုဂ္ဂိုလ်ရေး၊ ဘာသာရေးနှင့် ဂိုဏ်းဂဏများ အချင်းချင်း ထိခိုက်စေမှုကင်းသော၊ ကဗျာ၊ ဆောင်းပါး၊ ဓါတ်ပုံ၊ သက်သေခံချက်၊ သတင်းတိုထွာများကိုပေးပို့ပါရန် ခရစ်တော်၏ နာမတော်မြတ်၌ ဖိတ်ခေါ်အပ်ပါသည်။

ဤစာစောင်ကို လစဉ်ပုံမှန်အလိုရှိသောသူများ၊ သက်ဆိုင်ရာ မိမိတို့၏အသင်းတော်အသီးသီး၌သော်၎င်း၊ အောက်ဖော်ပြပါလိပ်စာ၌သော်၎င်း၊ မှာကြားနိုင်ပါသည်။

Myanmar Christian Communication Service
1-11-13 Shin Ohashi
Yonezawa Bldg.4.F.
Koto-ku 135-0007
Tokyo, Japan

☎- & 🖷 - 03-5625-9056
e✉ - haukhek@yahoo.com
e✉ - lianthang@hotmail.com

To.